ကြေးမုံ
The Mirror

၁၃၇၀ပြည့်နှစ်၊ တော်သလင်းလဆန်း ၃ ရက်၊ အင်္ဂါနေ့၊ (2-9-2008) (၅၇၈၉)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂

၂၀၀၈ ခုနှစ် စက်တင်ဘာ ၂ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၃)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ငုယင် မင်ကျစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး
ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂

၂၀၀၈ ခုနှစ် စက်တင်ဘာ ၂ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၃)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ် ငုယင် သီ ဒိုး ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂

၂၀၀၈ ခုနှစ် စက်တင်ဘာ ၂ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၃)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင် တန်ဇွန်း ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဆိပ်ဖြူ-စလင်း-မင်းဘူးလမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့်
နေပြည်တော်-တောင်ညို-မြို့သစ်-မကွေးလမ်းဖောက်လုပ်မှု ဝန်ကြီး ဗိုလ်ချုပ်စောထွန်း စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၃၀ရက် နံနက်ပိုင်းတွင် ကျောက်ထုမြို့မှ ထွက်ခွာ၍ ပုသိမ်-မုံရွာလမ်း(ကဇွန်းမ-ရေပြာ) အပိုင်းနှင့် (ပဒါန်း-ကဇွန်းမ) အပိုင်းလမ်းတစ်လျှောက် ဆိပ်ဖြူ-စလင်း-မင်းဘူးလမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှု စစ်ဆေးသည်။

ဝန်ကြီးသည် ဩဂုတ် ၃၁ရက် နံနက်တွင် မင်းဘူးမြို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဧရာဝတီဧည့်ရိပ်သာရှင်းလင်းခန်းမ၌ မင်းဘူးခရိုင် အင်ဂျင်နီယာမှူး ဦးတိုးခိုင်က ကနီ-မင်းဘူး-စလင်း-တညောင်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း၊ မကွေး ခရိုင် အင်ဂျင်နီယာမှူး ဦးစောသိန်းက တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်းပေါ်ရှိ တံတားအမှတ်(၁/၂၇)ယင်းချောင်း တည် ဆောက်နေမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေ အနေ၊ နေပြည်တော်-တောင်ညို-မြို့သစ်-မကွေးလမ်းသစ်ဖောက် လုပ်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီ အစဉ်များကိုလည်းကောင်း **စာမျက်နှာ ၉ ကော်လံ ၃ သို့** ☆

၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများ
တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန် ကြေညာ

နေပြည်တော် စက်တင်ဘာ ၁

၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထား နိုင်ရန်အတွက် မိမိတို့ စာမေးပွဲဖြေဆိုခဲ့ကြသော စာစစ်ဌာန ကြီးကြပ်ရေးမှူးများ (အခြေခံပညာ အထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ်ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရမည့် ပုံစံများကို စက်တင်ဘာ ၁၈ ရက် (ကြာသပတေးနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်သည်။

အဆိုပါ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာများကို စက်တင်ဘာ၁၈ရက်မှ အောက်တိုဘာ ၃ရက်အထိ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များ အပါအဝင်(ပိတ်ရက်မရှိ) အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)သို့ တိုက်ရိုက်လျှောက်ထားနိုင်ပြီး အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာ ဦးစီးဌာန(အောက်မြန်မာပြည်)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၅၀၂၂၅၈ နှင့် ၅၂၅၆၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမေရိကန်ကမ်းခြေသို့ ဂူစတပ်မုန်တိုင်း ဝင်ရောက်

နယူးအော်လင်း စက်တင်ဘာ ၁

ဂူစတပ်ဟာရီကိန်းမုန်တိုင်းသည် အမေရိကန်နိုင်ငံ လူဝီစီယားနား ပြည်နယ် နယူးအော်လင်းအနောက် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✧

ဂူစတပ်မုန်တိုင်း အမေရိကန်နိုင်ငံတွင် တိုက်ခတ်ရာ ကားငယ်တစ်စီး ရေလှိုင်းနှင့် အတူ မျောပါသွားသည်ကို တွေ့ရစဉ်။ *(အင်တာနက်)*

အတည်ပြုချိန် ၄:၀၀

ကြေးမုံ The Mirror
၂-၉-၂၀၀၈
(အင်္ဂါနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းရင်းသားလူငယ်များ အသက်မွေးမှုပညာမြှင့်တင်

ယခင်ခေတ်ကာလက မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများသည် ပထဝီဝင်အနေအထားအရ နိုင်ငံအတွင်းပိုင်းဒေသများနှင့် ဆက်သွယ်သွားလာမှုအခက်အခဲအတားအဆီးများရှိသဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍတို့တွင် ဖွံ့ဖြိုးရေးအခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာတတ်မြောက်ရေး၊ နယ်စပ်ဒေသ မြို့ပြစီမံကိန်းများနှင့် စက်မှုလုပ်ငန်းများထူထောင်ရာတွင် ကျွမ်းကျင်လုပ်သားများပေါ်ထွက်လာရေးတို့အတွက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများကိုဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ စက်မှုလက်မှုပညာသင်တန်းကျောင်းများကို စစ်တွေ၊ လောက်ကိုင်၊ ပန်ဆန်းနှင့် မိုင်းလားမြို့တို့၌ ဖွင့်လှစ်လျက်ရှိရာ လက်သမား၊ ပန်းရန်၊ စက်ပြင်၊ လျှပ်စစ်ဂဟေဆက်၊ မော်တော်ယာဉ် စက်ပြင် စသည့်ပညာရပ်များ တတ်မြောက်သည့် တိုင်းရင်းသား စက်မှုလက်မှုအတတ်ပညာရှင်များ ပေါ်ထွက်လာလျက်ရှိသည်။

ထိုနည်းတူ နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ၏ သက်မွေးပညာ ဆည်းပူးရပ်တည်နိုင်ရေးလုပ်ငန်းများကိုလည်း စီစဉ်ဆောင်ရွက်ပေးနေသည်ကိုတွေ့ရသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ အိမ်တွင်းမှုလက်မှုသင်တန်း(ကြိမ်)နှင့်အိမ်တွင်းမှုလက်မှုသင်တန်း(ဝါး) သင်တန်းဖွင့်ပွဲများကို ဩဂုတ်လ ၂၅ ရက်က အဆိုပါသင်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အလားတူ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကယားပြည်နယ်နှင့်စစ်ကိုင်းတိုင်းတို့ရှိ သင်တန်းကျောင်းများ၌လည်း အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းများဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများ၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းများကို တိုးမြှင့်ဖွင့်လှစ်ပေးနေခြင်းဖြင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားလူငယ်များ စက်မှုစွမ်းရည်ဖွံ့ဖြိုးရေးနှင့်အမျိုးသမီးများ အသက်မွေးမှုပညာ ဆည်းပူးဘဝ ရပ်တည်နိုင်ရေးတို့အတွက် အကျိုးရလဒ်ကောင်းများ ပိုမိုဖြစ်ထွန်းရရှိလာနေပြီ ဖြစ်ပါသည်။ ။

လေဘေးသင့်ဒေသ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် သွားရောက်ကူညီခဲ့ကြသူများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် တနင်္သာရီတိုင်းမှ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ကြသူများအား ဂုဏ်ပြုပွဲကို ဩဂုတ် ၃၀ ရက် မွန်းလွဲပိုင်းတွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် တနင်္သာရီတိုင်းမှ သွားရောက်ကူညီ ဆောင်ရွက်ပေးခဲ့ကြသူများအား ဂုဏ်ပြုပွဲ၌ အမှာစကားပြောကြားစဉ်။ (မွေး/ရေ)

ထို့နောက် လေဘေးသင့် ဒေသ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် သွားရောက်ကူညီ ဆောင်ရွက်ခဲ့ကြသောတနင်္သာရီတိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားအဖွဲ့ဝင်တစ်ဦးနှင့် ငါးဖမ်းစက်လှေ တည်ဆောက်ရေးအဖွဲ့ဝင်တစ်ဦးတို့က လုပ်ငန်းအတွေ့အကြုံများကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက မြိတ်ခရိုင်နှင့် ထားဝယ်ခရိုင်တို့မှ သွားရောက်ကူညီဆောင်ရွက်ခဲ့ကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များနှင့် တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနတို့အား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုလက်ဆောင်များကို လည်းကောင်း၊ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသော တနင်္သာရီတိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးဖမ်းစက်လှေ တည်ဆောက်ရေးအဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တနင်္သာရီတိုင်း ရေထွက်ပစ္စည်းတိုးတက်ထုတ်လုပ်ရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို အဆိုပါခန်းမဆောင်၌ ကျင်းပရာ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်ဦးနှင့်ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ရေလုပ်ငန်းရှင် ကုမ္ပဏီများက လုပ်ငန်းဆိုင်ရာဆောင်ရွက်ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့က ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ထိုမှတစ်ဆင့် တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးတို့သည် မြိတ်မြို့ရှိ တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည့် တနင်္သာရီတိုင်း ကျွန်းစုမြို့နယ်သဲချောင်းကျေးရွာ မီးဘေးသင့်ပြည်သူများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားကြသည်။

ထို့နောက် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းကသဲချောင်းကျေးရွာ မီးဘေးသင့်အိမ်ထောင်စုများအတွက် ငွေကျပ်သိန်း ၂၀နှင့် ထောက်ပံ့ပစ္စည်းများ၊ တိုင်းအမျိုးသမီးရေးရာ အဖွဲ့ နာယက၊ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးက ဗလာစာအုပ်ဒါဇင် ၁၀၀နှင့်တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးကျော်က ဗလာစာအုပ်ဒါဇင် ၁၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ မီးဘေးသင့် အိမ်ထောင်စုများ ကိုယ်စား ရပ်မိ၊ ရပ်ဖ ဦးကျားမောင်က လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ ဧရာဝတီတိုင်း လေဘေးသင့် အမျိုးသမီးများအတွက် မတည်ရင်းနှီးငွေပေးအပ်ခြင်းနှင့် ထောက်ပံ့ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်နီနီဝင်းက ဧရာဝတီတိုင်း လေဘေးသင့်မြို့နယ်များရှိ အမျိုးသမီးများအတွက် မတည်ရင်းနှီးငွေကျပ်သိန်း ၃၀၀ကို ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝင်းဝင်းမော်ထံ ပေးအပ်စဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

ကော့သောင်းမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးသင်တန်းများ ဆင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန တနင်္သာရီတိုင်း ကော့သောင်းမြို့ အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်း၌ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၂၀/၂၀၀၈)၊အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ် (၄၉/၂၀၀၈)နှင့် ကြိမ်၊ဝါးသင်တန်းအမှတ်စဉ် (၃/၂၀၀၈) သင်တန်းဆင်းပွဲကို ဩဂုတ် ၇ရက် နံနက် ၈နာရီတွင် အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းအေးလွင်နှင့် အိမ်တွင်းမှုသင်တန်းကျောင်း ခေတ္တကျောင်းအုပ် ဒေါ်ထွန်းလှတို့က သင်တန်းဆင်း အမှာစကား ပြောကြားကြပြီး ခေတ္တကျောင်းအုပ်က သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးအား သင်တန်းဆင်း အောင်လက်မှတ် ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။**(အောက်ပုံ)**

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် မြင်းခြံခရိုင်နှင့် နွားထိုးကြီးမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော်　　စက်တင်ဘာ　　၁

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် မြင်းခြံမြို့နယ် ကျောဇီလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိပြီး ကျောဇီ လျှပ်စစ်မြစ်ရေတင်စက်ရုံရှိ Control Room နှင့် Switch Yard များ၊ မြစ်ရေတင်စက် မောင်းနှင်မှုအခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူး ဦးသိန်းမြင့်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးသန်းမြင့်တို့က ကျောဇီလျှပ်စစ် မြစ်ရေတင် စီမံကိန်းဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ မြင်းခြံခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးစိုးရွှေက မြင်းခြံ၊ ညောင်ဦးခရိုင်အတွင်းရှိ မြစ်ရေတင်လုပ်ငန်းများနှင့် အကျိုးသက်ရောက်သော ရေဝေဧကများ၊ ဓာတ်အားလိုင်းများမှ လျှပ်စစ်ဓာတ်အားရယူ၍ အသုံးပြုမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးတင်အောင်နှင့် မန္တလေးတိုင်း လျှပ်စစ်အင်ဂျင်နီယာ ဦးဆန်းမြင့်တို့က ဖြည့်စွက် ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ဝန်ကြီးသည် စီမံကိန်းဧရိယာ မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြင်းခြံခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိရာ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးမိုးဇော်လှိုင်က မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးထားရှိမှုနှင့် လျှပ်စစ်ဓာတ်အား ကောက်ခံရရှိမှုကိုလည်းကောင်း၊ မြင်းခြံခရိုင် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးဇော်မြင့်ဦးက မြင်းခြံခရိုင်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုများ၊ မြစ်ရေတင်စီမံကိန်းများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုအခြေအနေများ၊ ဓာတ်အားခ ကောက်ခံရရှိမှုအခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် နွားထိုးကြီးမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး လျှပ်စစ်အင်ဂျင်နီယာ ဦးတင်ထွန်းအောင်က မြို့တွင်းလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးထားရှိမှုနှင့် ဓာတ်အားခ ကောက်ခံရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးက ဝန်ထမ်းများ အနေဖြင့် လုပ်ငန်းလုပ်ကိုင်ရာတွင် ဘေးအန္တရာယ် ကင်းရှင်းအောင် ဆောင်ရွက်ကြရေး၊ လျှပ်စစ်စွမ်းအား မြှင့်တင်ရေးကို ဆောင်ရွက်သွားကြရေး၊ ဝန်ထမ်းများအဖြစ် မိမိကိုယ်ကို ဂုဏ်ယူတတ်ကြရေးတို့ကို ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃၅) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှု သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော်　စက်တင်ဘာ　၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃၅)သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ မြို့နယ်အခွန်ဦးစီးဌာနမှူး ၅၁ ဦးတို့သည် ရက်သတ္တလေးပတ်ကြာ အခွန်ဆိုင်ရာ ဘာသာရပ်များ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသင်ယူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီးဦးညာဏ်ဝင်း ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂

၂၀၀၈ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၃)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်းထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဖန်ဇာခီယမ်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

စာပေထုတ်ဝေရေးလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးတွင် မူပိုင်ခွင့်စနစ်၏ အခန်းကဏ္ဍဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန်　　စက်တင်ဘာ　　၁

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် ကမ္ဘာ့ဉာဏပစ္စည်းမူပိုင်ခွင့်အဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်မှုဖြင့် စာပေထုတ်ဝေရေးလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးတွင် မူပိုင်ခွင့်စနစ်၏ အခန်းကဏ္ဍဆိုင်ရာ နှီးနှောဖလှယ်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်၌ကျင်းပရာ ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)နှင့် ကမ္ဘာ့ဉာဏပစ္စည်းမူပိုင်ခွင့်အဖွဲ့ချုပ်(WIPO)မှ ညွှန်ကြားရေးမှူး Mr. Jorgen Blomqvist တို့က မိတ်ဆက်စကားပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် စာပေထုတ်ဝေရေးလုပ်ငန်းတိုးတက်ဖွံ့ဖြိုးရေးတွင်မူပိုင်ခွင့်စနစ်၏ အခန်းကဏ္ဍဆိုင်ရာ နှီးနှောဖလှယ်ပွဲကို စတင်ကျင်းပရာ အစီအစဉ်အရ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင်ဦးမျိုးသန့်(မောင်ဆုရှင်)က နှီးနှောဖလှယ်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်တွင်းပြည်ပ စာတမ်းရှင်များက သက်ဆိုင်ရာ စာတမ်းအသီးသီးကို ဖတ်ကြား ဆွေးနွေးကြပြီး နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲကို စက်တင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နှုတ်ခွန်းဆက်စကား ပြောကြား

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် စာပေထုတ်ဝေရေးလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးတွင် မူပိုင်ခွင့်စနစ်၏ အခန်းကဏ္ဍဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲတွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

ပါကစ္စတန် လူမျိုးစုဒေသတွင် သူလျှိုဟု ယူဆရသူတစ်ဦးအား တာလီဘန်ပြောက်ကျားများက သေနတ်ဖြင့်ပစ်သတ်

မီရန်ရှား (ပါကစ္စတန်) ဩဂုတ် ၃၁

ပါကစ္စတန် လူမျိုးစုဒေသတွင် ဒေသဆိုင်ရာ သတင်းဌာနမှလုံခြုံရေး တပ်ဖွဲ့ဝင်တစ်ဦးအား တာလီဘန် စစ်သွေးကြွများက သူလျှိုဟု စွပ်စွဲ၍ သေနတ်ဖြင့် ပစ်သတ်ခဲ့ကြောင်း တာဝန်ရှိသူများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အဆိုပါ အသက် ၅၅ နှစ်အရွယ်ရှိ ရှာဘေ့ဇ်ခန်းဆိုသူသည် သောကြာနေ့က ပြန်ပေးဆွဲခံရပြီးနောက် တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် အာဖဂန်နယ်စပ်ဝါဇီရစ္စတန်ဒေသ(မြောက်ပိုင်း)ရှိ ပြဿနာများထူပြောရာ မီရန်ရှားမြို့အနီး၌ ၎င်း၏ အလောင်းအား တွေ့ရှိခဲ့ရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့က ဆိုသည်။

စစ်ဆင်ရေးပြုလုပ်

စစ်သွေးကြွများသည် အာဖဂန်နယ်စပ်ကိုဖြတ်ကျော်ကာ စစ်ဆင်ရေးပြုလုပ်လျက်ရှိသည့် အမေရိကန်တပ်ဖွဲ့ဝင်များအပါအဝင် သူလျှိုဟု သင်္ကာမကင်းခံရသူဟူသမျှကို သတ်ဖြတ်လျက်ရှိသည်။

၂၀၀၁ ခုနှစ် နှောင်းပိုင်းမှ စတင်ကာ အမေရိကန် ဦးဆောင်သော တပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် တာလီဘန်နှင့် အယ်လ်ခိုင်ဒါစစ်သွေးကြွများသည် အနောက်မြောက်ပိုင်းဒေသသို့ ပြောင်းရွှေ့တပ်စွဲခဲ့ကြသည်။ ယင်းနောက်တွင် အဆိုပါဒေသသည် အကြမ်းဖက်မှုများ မကြာခဏဖြစ်ပွားရာဒေသ ဖြစ်လာသည်။

ပြီးခဲ့သည့်နှစ်အတွင်းက ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ပွဲများကြောင့် အရပ်သား ၁၂၀၀၀ ခန့် သေဆုံးခဲ့ရပြီး ယင်းတို့မှာ အသေခံဗုံးများနှင့် လက်ပစ်ဗုံးများကြောင့် သေဆုံးကြရခြင်းဖြစ်ကြောင်း သိရှိရသည်။ ***အင်တာနက်။***

အရှေ့မြောက်အာရှ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လေးကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို တရုတ်နိုင်ငံ အရှေ့မြောက် ဂျီလင်ပြည်နယ်မြို့တော် ချန်ချင်း၌ စက်တင်ဘာ ၁ရက်က ကျင်းပနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်(မြောက်ပိုင်း)၌ မတော်တဆဖြစ်ပွားမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၃၁

အီရတ်နိုင်ငံ(မြောက်ပိုင်း)နင်နီဗာ့ချ်ပြည်နယ်၌ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ မတော်တဆဖြစ်ပွားမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက စနေနေ့တွင် ပြောကြားသည်။

ဆွန်နီကြီးစိုးသော ပြည်နယ်၌ ဩဂုတ် ၂၈ရက်က စစ်ဆင်ရေးအတွင်း တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခြင်းဖြစ်ကြောင်း၊ သို့သော် အသေးစိတ်အကြောင်းရင်းကို ဖော်ပြခြင်း မရှိကြောင်းစစ်ဘက်က ပြောကြားသည်။

ဘဂ္ဂဒက်မြို့ မြောက်ဘက်ကီလိုမီတာ ၄၀၀ ခန့်အကွာရှိ နင်နီဗာ့ချ်ပြည်နယ်မြို့တော် မိုဆူးလ်သည် ကျူးကျော်စစ် ဖြစ်ပွားပြီးနောက် အယ်လ်ခိုင်ဒါတိုက်ခိုက်ရေးသမားများ ကြီးစိုးရာဒေသတစ်ခုဖြစ်လာသည်။

ထိုဒေသတွင် အခြေစိုက်ထားသော အယ်လ်ခိုင်ဒါများနှင့် တိုက်ခိုက်ရေးသမားများကို ရှင်းလင်းရန်အမေရိကန်ကျောထောက်နောက်ခံ ပြုလုပ်ထားသော အီရတ်တပ်ဖွဲ့များက အပြင်းအထန်ကြိုးစားခဲ့ကြရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန် အနောက်မြောက်ဒေသ၌ တိုက်ပွဲဖြစ် သူပုန် ၄၀ နီးပါး သေဆုံး

မင်ဂိုရာ (ပါကစ္စတန်) ဩဂုတ် ၃၁

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ဒေသ ဆွတ်တောင်ကြားရှိစစ်သွေးကြွတို့ တပ်စွဲထားသည့် စခန်းများကို စနေနေ့က ပါကစ္စတန် စစ်ဘက်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်ရာ သူပုန် ၄၀ နီးပါး သေဆုံးကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အာဖဂန်နစ္စတန် နယ်စပ်အနီးတောင်ဝါဇီရစ္စတန်ဒေသတွင် အိမ်တစ်လုံးကို ဒုံးကျည်ထိမှန်ရာ ငါးဦးသေဆုံးသွားသည်ဟု ဒေသခံများက ပြောကြားသည်။

ပြီးခဲ့သော သီတင်းပတ်များအတွင်း ပါကစ္စတန်တွင် တိုက်ခိုက်မှုများ အရှိန် မြင့်တက်လာလျက်ရှိသည်။ အနောက်မြောက်ဒေသ၏ နေရာသုံးနေရာတွင် စစ်ဘက်က စစ်သွေးကြွများအား ထိုးစစ်ဆင်လျက်ရှိချိန်၌ သူပုန်များကလည်းစစ်ဘက်စခန်းများကို ဗုံးခွဲကာ တုံ့ပြန်တိုက်ခိုက်နေသည်ကို တွေ့ရကြောင်းသတင်းက ဖော်ပြသည်။

ပါကစ္စတန်တွင် စီးပွားရေးအခြေအနေ ဆိုးရွားလာမှု၊ နိုင်ငံရေးမတည်မငြိမ်ဖြစ်မှုနှင့် လုံခြုံရေး အခြေအနေ ယိုယွင်းလာမှုများသည် တစ်ပြိုင်တည်းလိုလို ဖြစ်ပေါ်လာလျက်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မလေးရှားသင်္ဘော နောက်တစ်စင်းအား ဆိုမာလီပင်လယ်ဓားပြများ အပိုင်စီး

နိုင်ရိုဘီ ဩဂုတ် ၃၁

အာဖရိကတိုက် ဦးချိုဒေသကမ်းရိုးတန်း၌ နောက်ထပ်မလေးရှားသင်္ဘောတစ်စင်းအား ဆိုမာလီသေနတ်သမားများက အပိုင်စီးခဲ့ကြောင်း ဒေသဆိုင်ရာ ရေကြောင်းသွားလာရေး တာဝန်ရှိသူ အင်ဒရူးမဝန်ဂူရာက စနေနေ့တွင် ပြောကြားသည်။

ယင်းသင်္ဘောသည် ဩဂုတ် ၂၉ ရက်ညပိုင်းကဖမ်းဆီးခြင်းခံရကြောင်း၊ သင်္ဘောအမည်နှင့် သင်္ဘောသားများ မည်သည့် နိုင်ငံသားများဖြစ်သည်ကို ဖော်ပြနိုင်ခြင်း မရှိသေးကြောင်း ၎င်းက ပြောကြားသည်။

ယခုနှစ်အတွင်း အာဖရိကတိုက် ဦးချိုဒေသကမ်းရိုးတန်း၌ အနည်းဆုံး သင်္ဘော ၃၀ အပိုင်စီး ခံရကြောင်း နိုင်ငံတကာ ပင်လယ်ရေကြောင်းအဖွဲ့က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယနိုင်ငံအရှေ့ပိုင်းဘီဟာပြည်နယ် မဟီပူရာမြို့၌ ရေလွှမ်းမိုးမှု ဖြစ်ပေါ်နေရာ မြို့သူမြို့သားများ ရေကျော်နေသော လမ်းများပေါ်မှ ရေလွတ်ရာအရပ်ဒေသများသို့ ပြောင်းရွှေ့နေကြသည်ကိုဩဂုတ် ၃၀ရက်နေ့က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သီရိလင်္ကာနိုင်ငံတွင် တိုက်ပွဲဖြစ်ပွား ငါးဦးသေဆုံး

ကိုလံဘို ဩဂုတ် ၃၁

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်းရှိ သူပုန်များ တပ်စွဲထားရာ ရွာတစ်ရွာသို့ သီရိလင်္ကာအစိုးရက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ကလေးငယ်နှစ်ဦးအပါအဝင် ငါးဦးသေဆုံးကြောင်း တမီးလ်သူပုန်ခေါင်းဆောင်ကတနင်္ဂနွေနေ့တွင် ပြောကြားသည်။

ကိုလံဘိုမြို့ မြောက်ဘက် ၃၀၀ ကီလိုမီတာ (မိုင် ၂၀၀)အကွာရှိသူပုန်များ ခိုအောင်းရာ ရွာတစ်ရွာသို့ စနေနေ့ညနေပိုင်းက အစိုးရအဖွဲ့မှပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အရပ်သားသုံးဦးထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ဟု ၎င်းက ဆိုသည်။

အဆိုပါဖြစ်ရပ်အား အစိုးရအဖွဲ့မှ ချက်ချင်းတုံ့ပြန်ပြောကြားခြင်းမရှိပေ။ ကာကွယ်ရေးဝန်ကြီးဌာနကမူ တိုက်ပွဲကြောင့် သူပုန်တစ်ဦးသေဆုံးပြီး အနီးအနားရှိအခြားခုနစ်ဦးထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ဟု တနင်္ဂနွေနေ့က ထုတ်ဖော်ပြောကြားသည်။

သီရိလင်္ကာစစ်ဘက်ကထုတ်ပြန်သော စာရင်းများအရ ဇန်နဝါရီလမှစ၍ ဖြစ်ပွားသော တိုက်ပွဲများအတွင်း သူပုန်တပ်ဖွဲ့ဝင် ၆၁၈၆ဦး သေဆုံးပြီး အစိုးရတပ်ဖွဲ့ဝင် ၅၈၂ ဦးအသက်ဆုံးရှုံးကြောင်းသိရသည်။

စနေနေ့က ဖြစ်ပွားခဲ့သည့် တိုက်ပွဲတွင် အစိုးရတပ်ဖွဲ့ဝင် ၂၀ သေဆုံးကြောင်း သူပုန်လိုလားသည့် ဝက်ဘ်ဆိုက်တစ်ခုတွင် ဖော်ပြထားသည်။

သီရိလင်္ကာအစိုးရအနေဖြင့် သူပုန်များအား အပြီးတိုင် ချေမှုန်းသွားရန် ဆုံးဖြတ်ခဲ့ပြီးနောက် ၂၀၀၇ ခုနှစ် ဇူလိုင်လမှစတင်ကာ တမီးလ်ကျားသူပုန်များတပ်စွဲထားသည့်မြောက်ပိုင်းဒေသသို့ ပစ်မှတ်ထား၍ ထိုးစစ်ဆင်လာခဲ့သည်။

၁၉၇၂ ခုနှစ်မှ စတင်ကာ တမီးလ်ကျားသူပုန်များသည်ကိုယ်ပိုင်လွတ်လပ်ခွင့်ရဒေသအဖြစ် ခွဲထွက်နိုင်ရန်အတွက် လက်နက်စွဲကိုင် တိုက်ခိုက်ခဲ့ရာ နှစ်ဖက်စလုံးမှ လူပေါင်း တစ်သောင်းခန့်သေဆုံးခဲ့ရပြီး ဖြစ်သည်ဟု ဆိုသည်။ ***အင်တာနက်။***

အစ္စလာမ်ဂျီဟတ် လှုပ်ရှားမှုအဖွဲ့သို့ အသစ်ဝင်ရောက်ကြသူများ ဩဂုတ်၂၉ရက်က စစ်ရေးလေ့ကျင့်ခန်းများဆင်နွှဲနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ တရုတ်အင်ဂျင်နီယာ နှစ်ဦးပျောက်ဆုံးနေ

အစ္စလာမ္မာဘတ် ဩဂုတ် ၃၁

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ဩဂုတ် ၂၉ရက်ကတည်းက တရုတ်အင်ဂျင်နီယာနှစ်ဦး ပျောက်ဆုံးနေကြောင်း အစ္စလာမ္မာဘတ်မြို့ရှိ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံဇုန်းဆင်းဆက်သွယ်ရေးပစ္စည်းကုမ္ပဏီ (ဇက်တီအီး)မှ တရုတ်အင်ဂျင်နီယာ နှစ်ဦးသည် ဩဂုတ် ၂၉ ရက်တွင် ပျောက်ဆုံးနေသည်ကို သိရှိခဲ့ရသည်။ ၎င်းတို့သည် အနောက်မြောက်ဒေသရှိ ဆက်သွယ်ရေးလုပ်ငန်းတွင် အသုံးပြုသည့် ကိရိယာ၏ အခြေအနေကို စစ်ဆေးရန် အသွား ပျောက်ဆုံးနေခြင်းဖြစ်သည်ဟု ဆိုသည်။ ၎င်းတရုတ်အင်ဂျင်နီယာနှစ်ဦးနှင့်အတူ ပါကစ္စတန်ယာဉ်မောင်းတစ်ဦးနှင့်ပါကစ္စတန်လုံခြုံရေးအစောင့်တစ်ဦးတို့လည်းပျောက်ဆုံးနေကြောင်း တာဝန်ရှိသူက ပြောကြားသည်။ ***အင်တာနက်။***

ထိုင်းနိုင်ငံ ဖူးခက်နိုင်ငံတကာ လေဆိပ်တွင် ခရီးသွားများ ဩဂုတ် ၃၁ ရက်က စာရွက်စာတမ်းများစစ်ဆေးရန်စောင့်ဆိုင်းနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နှစ်လကြာ ပျောက်နေသော ရေလုပ်သားများ သီရိလင်္ကာသို့ ပြန်လည်ရောက်လာ

ကိုလံဘို ဩဂုတ် ၃၁

အိန္ဒိယသမုဒ္ဒရာအတွင်း သီတင်းသုံးပတ်မျှ မျောပါသွားပြီးနောက် ထိုင်းနိုင်ငံ ကမ်းခြေတစ်နေရာသို့ ရောက်ရှိသွားသော သီရိလင်္ကာနိုင်ငံမှ ရေလုပ်သားငါးဦးသည်စနေနေ့နံနက်ပိုင်းက ၎င်းနေနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း ဒေသခံသတင်းစာတစ်စောင်က ဩဂုတ် ၃၁ ရက်တွင် ဖော်ပြသည်။

ပင်လယ်တွင်း၌ မျော

ထိုသင်္ဘောသားများသည် သီရိလင်္ကာတောင်ပိုင်း ဒွန်ဒရာဆိပ်ကမ်းမှ ငါးဖမ်းရန် ဇွန် ၂၆ ရက်ကတည်းက ထွက်ခွာလာခဲ့ကြခြင်း ဖြစ်သည်။ ဆာမာနာလာ ငါးဖမ်းသင်္ဘောငယ်သည် ကမ်းမှခွာလာပြီး ၄၅ ရက်အကြာတွင် စက်ပျက်သွားကာ ပင်လယ်တွင်း၌ မျောနေခဲ့သည်။

သီတင်းသုံးပတ်မျှ ကြာသောအခါ သင်္ဘောပေါ်၌ပါလာသည့် ရေနှင့် ရိက္ခာများ ကုန်ခမ်းသွားသည်။ ရေဆာသောအခါ ငါးများအေးခဲစေရန် အသုံးပြုသည့် ရေခဲများကို စားကာ ရေငတ်ပြေခဲ့ကြရသည်။ ထိုသို့ဖြင့် ၂၉ ရက် ကြာသောအခါ ကျွန်းတစ်ကျွန်းကို မြင်ရသဖြင့် သင်္ဘောကို စွန့်ကာကျွန်းဆီသို့ ရေကူး၍ အရောက်သွားခဲ့ကြသည်။

နောက်ပိုင်းတွင် ဒေသခံများနှင့် တွေ့ပြီးနောက် ရဲနှင့်ဆက်သွယ်ကာ စီစဉ်ပေးသဖြင့် မိခင်နိုင်ငံသို့ပြန်လည်ရောက်ရှိလာခြင်းဖြစ်ကြောင်း ဒုက္ခသည်ရေလုပ်သားတစ်ဦးဖြစ်သူအဆန်ကာလက်မားလ်က ဖြစ်ပျက်သမျှကို ပြန်ပြောပြသည်။ ***အင်တာနက်။***

အမေရိကန်လေကြောင်း တိုက်ခိုက်မှုကြောင့် အရပ်သား ၉၀ သေဆုံးရသည့်သတင်း အာဖဂန်အစိုးရ အတည်ပြု

ကဘူး ဩဂုတ် ၃၁

အာဖဂန်နစ္စတန်နိုင်ငံ ဟာရတ်ပြည်နယ်၌ ဩဂုတ် ၂၂ ရက်တွင် ဖြစ်ပွားသော အမေရိကန်တို့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် စစ်ရေးနှင့်မသက်ဆိုင်သော အရပ်သူ၊ အရပ်သား ၉၀ သေဆုံးရသည်ဆိုသော သတင်းမှန်၊ မမှန်ကို အာဖဂန်အစိုးရ စုံစမ်းစစ်ဆေးရေးအဖွဲ့က စုံစမ်းပြီးနောက် ထိုကိစ္စမှန်ကန်ကြောင်းဩဂုတ် ၃၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ထိုကိစ္စကို သာသနာရေးဆိုင်ရာရေးရာအဖွဲ့၏ အကြီးအကဲ နီမာတူလာ ရှာနာနီခေါင်းဆောင်သော အဖွဲ့က လေ့လာစုံစမ်းခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်သည် ရှင်ဒန်ခရိုင်ရှိ အဇီဇာဘတ်ဒ်နှင့် နာဂါဘတ်ဒ်ကျေးရွာများတွင် ဩဂုတ် ၂၂ ရက်က ဖြစ်ပွားခဲ့သည်။ ကန်တို့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အမျိုးသား ၁၅ဦး၊ အမျိုးသမီး ၁၅ဦးနှင့် ကလေး ၆၀ တို့သေဆုံးသည်ကို သိရှိရကြောင်း ရှာနာနီ၏ အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

နာရီနှင့်ချီ၍ကြာသောလေကြောင်းမှ ပစ်ခတ်မှုအတွင်း အိမ်ရှစ်လုံး လုံး၀ ပျက်စီးသွားပြီးနောက် ခုနစ်လုံးမှာ အတော် ထိခိုက်ပျက်စီးသွားကြောင်း သိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

နိုင်ငံတကာသတင်းများ

ကျူးဘားနိုင်ငံဟာဗားနားမြို့ အနောက်ဘက် ၆၂မိုင် အကွာရှိ လော့စ်ပါလာကိုစ်တွင် ဂူစတပ်မုန်တိုင်းမွှေနှောက်သွားပြီးနောက် အပျက်အစီးများကို ဩဂုတ် ၃၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂါဇာသို့သွားရန်အတွက် နယ်စပ်ဒေသအား အီဂျစ်အစိုးရက ဖြတ်သန်းခွင့်ပြု

ဂါဇာ ဩဂုတ် ၃၁

အီဂျစ်အစိုးရအနေဖြင့် ဂါဇာကမ်းမြောင်နှင့် ဆက်စပ်လျက်ရှိသော အီဂျစ်နယ်စပ်ဒေသတစ်ခုကို စနေနေ့က ဖြတ်သန်းခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ပါလက်စတိုင်းတာ၀န်ရှိသူများက ပြောကြားသည်။

ယင်းသို့နယ်စပ်ကို ဖွင့်လှစ်ပေးလိုက်သည့်အတွက် ရာပေါင်းများစွာသော ပါလက်စတိုင်းများသည် ဟားမတ်စ်တို့ အုပ်စိုးထားရာဒေသမှ ထွက်ခွာသွားကြသည်ဟုဆိုသည်။

ခွင့်ပြုချက်ဖြင့်နေထိုင်သော ဧည့်နိုင်ငံခြားသားများနှင့် ဒုက္ခသည်များအား အီဂျစ်နိုင်ငံကိုဖြတ်သန်းကာ နေရပ်သို့ပြန်နိုင်ရန်အတွက်ရာဖက်(ခ်)ဒေသအား နှစ်ရက်ကြာ ဖွင့်ပေးထားမည်ဟု အီဂျစ်အစိုးရအဖွဲ့နှင့် နယ်စပ်အစောင့်တပ်ဖွဲ့ကဆိုသည်။

ဟားမတ်စ်အဖွဲ့က အဆိုပါဒေသကို လွန်ခဲ့သည့် တစ်နှစ်အတွင်းက သိမ်းပိုက်ခဲ့ပြီးသည့်နောက်တွင် အီဂျစ်အစိုးရက ရာဖက်(ခ်)ဒေသအား ပိတ်ဆို့ထားခဲ့သည်။ သို့ဖြစ်၍ ရာပေါင်းများစွာသော အီဂျစ်လူမျိုးများ ဂါဇာကမ်းမြောင်ဒေသတွင် ပိတ်မိနေခဲ့သည်။

ဖြတ်သန်းခွင့်ပြုပြီးနောက် ပြည်သူ ၅၀၀ ခန့်သည် အီဂျစ်သို့၀င်ရောက်လာကြပြီး ပြည်သူ ၇၀၀ ခန့်သည် ၎င်းတို့၏ မူရင်းဒေသဖြစ်သည့် ဂါဇာသို့ ဖြတ်သန်း၀င်ရောက်သွားကြသည်ဟု အီဂျစ်အစိုးရအဖွဲ့က ပြောကြားသည်။

အစ္စရေးက ဂါဇာဒေသကို ပိတ်ဆို့ထားခြင်းကို လျှော့ပေါ့ပေးစေရေးအတွက် အီဂျစ်နိုင်ငံက ရာဖက်(ခ်)ဒေသအား အမြဲတမ်းဖွင့်ထားပေးရန် ဟားမတ်စ်အဖွဲ့က လိုလားသည်။ သို့ရာတွင် အီဂျစ်အနေဖြင့် ယင်းကိစ္စရပ်သည် ရရှိထားသော သဘောတူညီချက်အရ တစ်ဦးတည်းသဘောဖြင့် ဖွင့်လှစ်ပေးနိုင်သည့် အခြေအနေ မရှိဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အပန်းလည်းပြေ ပညာလည်းရ

Left these words

A miserly millionaire was dying and he left these words with his wife."All my life I stinged so that I could have this wealth. As a result,I have no relatives. When I die you can sell my skin to the skin merchant, my flesh to the butcher and my bones to the paint shop."After saying this he died. After being dead for almost half a day, he suddenly got up and reminded his wife."People are very heartless these days,so don't give them any credit when selling my skin, flesh and bones."

မောင်ကြီးရယ်တဲ့ မှာခဲ့တယ်

ကော်တရာကပ်စေးနဲ့ သန်းကြွယ်သူဌေးကြီး တစ်ယောက်သည် သေလုမြောပါးဖြစ်နေချိန်တွင် သူ့ဇနီးအား အောက်ပါစကားများကို မှာကြားခဲ့လေ၏။ "ကျုပ်ဘ၀တစ်လျှောက်လုံး ကပ်စေးနှဲခဲ့တဲ့အတွက် ဒီလောက်များပြားတဲ့ ဥစ္စာနေတွေကို ရရှိခဲ့ခြင်းဖြစ်တယ်။ ရလဒ်အနေနဲ့ ကျုပ်မှာ ဆွေမျိုးတစ်ယောက်မှမရှိဘူး၊ ကျုပ်သေသွားတဲ့အခါကျရင် ကျုပ်ရဲ့အရေပြားကို သားရေကုန်သည်ကိုရောင်းနိုင်တယ်၊ ကျုပ်အသားကိုတော့ နွားသတ်တဲ့လူကိုရောင်းပြီး၊ ကျုပ်အရိုးတွေကိုတော့ သုတ်ဆေးရောင်းတဲ့ဆိုင်ကို ရောင်းနိုင်တယ်"။ ထိုစကားကို ပြောဆိုပြီးနောက် သူကွယ်လွန်သွားလေ၏။ သူသည် သေဆုံးသွားပြီး နေ့၀က်နီးပါးခန့်ကြာသော် ဖြုန်းခနဲ ပြန်ထလာပြီး သူ့ဇနီးကို သတိပေးစကား ပြောလိုက်ပြန်လေ၏။ "အခု ကာလမှာလူတွေက သိပ်ကိုရက်စက်ကြမ်းကြုတ်ကြတယ်။ ဒီတော့ ကျုပ်ရဲ့အရေပြား၊ အသားနဲ့ အရိုးတွေကို ရောင်းတဲ့အခါ ဘယ်တော့မှ အကြွေးမရောင်းလေနဲ့။"

ဒေသတွင်းတိုက်ခိုက်မှုကြောင့် ကျန်ရစ်သောလက်နက်များ ပေါက်ကွဲ၍ ချဒ်ဒေသတွင် ပြည်သူနှင့်ကလေးများ အသက်ဆုံးရှုံးရ

နိုင်ရိုဘီ ဩဂုတ် ၃၁

ပြည်တွင်းပဋိပက္ခအတွင်းကြွင်းကျန်ရစ်သော မိုင်းများ၊ မပေါက်ကွဲသေးသည့် ခဲယမ်း (ယူအိတ်စ်အို) များကြောင့် ၂၀၀၈ ခုနှစ်အတွင်း အာဖရိကဒေသရှိ ချဒ်နိုင်ငံ၌ ပြည်သူ ၁၇ ဦး အသက်ဆုံးရှုံးရပြီး ၇၈ ဦး ဒဏ်ရာရရှိသွားကြောင်း ကုလသမဂ္ဂအဖွဲ့က ပြောကြားသည်။

ထိခိုက် သေဆုံးရသူများတွင် အများစုမှာ အရပ်သူ၊ အရပ်သားများနှင့် ကလေးငယ်များသာဖြစ်သည်ဟု တနင်္ဂနွေနေ့တွင် ထွက်ပေါ်လာသော ကုလသမဂ္ဂအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယင်းကဲ့သို့သော အဖြစ်အပျက်မျိုး တစ်ခုသည် ဩဂုတ် ၂၈ ရက်က ချဒ်နိုင်ငံအရှေ့ပိုင်း တိုင်းရွာတွင် ဖြစ်ပွားခဲ့သည်။ ဆူဒန်နိုင်ငံနှင့် နယ်စပ်အနီးဒေသတွင် ချဒ်နိုင်ငံသားကလေးငယ်တစ်စုသည်မပေါက်ကွဲသေးသော ခဲယမ်းများဖြင့် ကစားခဲ့ကြသည်။ ယူအိတ်စ်အို ပေါက်ကွဲမှုကြောင့် ကလေးတစ်ဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိသွားသည်။ ဒဏ်ရာရရှိသွားသူနှစ်ဦးမှာ ခြေလက်များ ဆုံးရှုံးသွားရကြောင်း သိရသည်။

အင်တာနက်။

ဩဂုတ် ၁ရက်က တရုတ်နိုင်ငံမြို့တော် ပေကျင်းနှင့် တိုင်ယန်ကျင်းမြို့တို့ အကြား မောင်းနှင်မည့် ရထားတစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာနိုင်ငံ စာတတ်မြောက်ရေး နေ့ညအလှ

ဦးမြင့်စိုး(ပညာရေးသုတေသန)

- **✻ ရှင်နေမင်းမှာ၊ အလင်းဖြာသည်**
  နေ့ခါထွန်းပ၊ နေ့အလှ။
- **✻ ငွေလမင်းမှာ၊ အလင်းဖြာသည်**
  ညခါဝင်းပ၊ ညအလှ။
- **✻ စာတတ်၊ စာဖတ်၊ အလင်းခေတ်ကား**
  ထူးမြတ်လှစွာ၊ ဉာဏ်ရောင်ဖြာ၍
  နေ့ခါညခါ၊ ထွန်းလင်းသာသည်
  ရင်မှာရွှန်းမြ၊ နေ့ညအလှ။

မင်းယုဝေ

လူတိုင်းစာတတ်မြောက်ရေး

စာမတတ်သူပြည်သူတစ်ရပ်လုံး စာတတ်မြောက်လာစေရန်၊ အတွေးအခေါ်သစ်များနှင့် မှန်ကန်သောသဘောထားများကို ပိုမိုရင့်သန်လာစေရန်၊ လူ့ဘဝအမြင်ပိုမိုကျယ်ပြန့်လာစေရန်၊ ရပ်ရွာလူမှုရေးလုပ်ငန်းများတွင် ပိုမိုတက်ကြွစွာ ပါဝင်လာစေရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်၊ ပြည်သူတစ်ရပ်လုံး ပညာရေးအဆင့်အတန်းပိုမိုမြင့်မားလာစေရန်၊ နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေရန်ဟူသော ရည်မှန်းချက်(၇)ရပ်ဖြင့် စည်းရုံးလှုပ်ရှားကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် မြန်မာနိုင်ငံ စာတတ်မြောက်ရေးလုပ်ငန်းသည် ၁၉၆၄ခုနှစ်မှ ရေတွက်သော် နှစ်ပေါင်း ၄၀ကျော်ခဲ့ပြီ။

မြန်မာနိုင်ငံ စာတတ်မြောက်ရေးလုပ်ငန်း အရင်းခံသည် လူတိုင်းစာတတ်မြောက်ရေးပင်ဖြစ်သည်။ အရေး၊ အဖတ်၊ အတွက် တည်းဟူသော အခြေခံပညာကို လူတိုင်းရရှိရန်ပင်ဖြစ်သည်။

စာတတ်မြောက်ရေးအစ၊ မိတ္ထီလာခရိုင်က

မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် အရှေ့စံပြကျေးရွာ၌ နွေရာသီ'အ'သုံးလုံးကျေသင်တန်းကို စေတနာ့ဝန်ထမ်းလုပ်အားပေးများဖြင့် ၁၉၆၄ ခု နွေရာသီတွင်ပို့ချဖြစ်ခဲ့သည်။ ဤပို့ချမှုသည် ပဏာမရှေ့ပြေး စမ်းသပ်မှုအစီအစဉ်ဖြစ်သည်။

ဤအစီအစဉ်ကို ၁၉၆၅ခုနှစ်မှ ၁၉၆၈ခုနှစ်အတွင်း နိုင်ငံအဝန်းဖြန့်ကြက်၍ သက်ကြီးစာမတတ်သူ ပပျောက်ရေးလုပ်ငန်း 'အ'သုံးလုံးကျေ သင်တန်းများကို စေတနာ့ဝန်ထမ်းဖွင့်လှစ်ပို့ချပေးမှုကို စမ်းသပ်ပြုလုပ်ခဲ့သည်။

ဖော်ပြပါ စမ်းသပ်မှုအတွေ့အကြုံကို အခြေခံ၍ ၁၉၆၉ခုနှစ်တွင် မိတ္ထီလာခရိုင်ကို ခရိုင်လုံးကျွတ်စာတတ်မြောက်လာသည်အထိ ရွေးချယ်သတ်မှတ်ကြိုးပမ်းခဲ့ရာ ၁၉၇၁ခုနှစ်တွင် မိတ္ထီလာခရိုင်သည် ခရိုင်လုံးကျွတ်စာတတ်မြောက် အောင်ပွဲခံခဲ့ပါသည်။ **"စာတတ်မြောက်ရေးအစ မိတ္ထီလာခရိုင်က"** ဟူ၍ပင် ပြောစမှတ်ပြုခဲ့ကြရသည်။

မိတ္ထီလာခရိုင်မှစ၍ မြန်မာနိုင်ငံစာတတ်မြောက်ရေး ဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် ခရိုင်များကို စာတတ်မြောက်ရေးခရိုင်များအဖြစ် တိုးချဲ့လာခဲ့ရာ ၁၉၆၉ခုနှစ်မှ ၁၉၈၃ခုနှစ်များအတွင်း အဆိုပါခရိုင်များ ပါဝင်သော မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်တို့သည် တိုင်းလုံးကျွတ်ပြည်နယ်လုံးကျွတ် စာတတ်မြောက်လာကြသည်။

နိုင်ငံလုံးကျွတ်စာတတ်မြောက်ရေး

မြန်မာနိုင်ငံ စာတတ်မြောက်ရေး ဗဟိုကော်မတီသည် စာတတ်မြောက်ရေးလုပ်ငန်းများကို စဉ်တိုက်ဆက်တိုက် လှုပ်ရှားဆောင်ရွက်ခဲ့ရာတွင် တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုများရရှိခဲ့သည်။ နည်းစနစ်များကောင်းမွန်လာခြင်း၊ စည်းရုံးရေးထက်မြက်လာခြင်း၊ လူထုလှုပ်ရှားမှုမှန်ကန်လာခြင်း တို့ဖြစ်သည်။ ထိုသို့ တိုးတက်မှုများ ရရှိခဲ့သည်နှင့်အညီ နိုင်ငံလုံးကျွတ် စာတတ်မြောက်ရေး ရည်မှန်းချက်ကာလကိုပင် သတ်မှတ်ဆောင်ရွက်ရန် ဦးတည်ခဲ့သည်။

နိုင်ငံလုံးကျွတ်စာတတ်မြောက်ရေးကို ၁၉၉၀ပြည့်နှစ်တွင် အပြီးအပြတ်ဆောင်ရွက်ရန် ၂၆-၁၂-၁၉၈၀ပြည့်နှစ်တွင် ကျင်းပသော စာတတ်မြောက်ရေး ဗဟိုကော်မတီ အစည်းအဝေးက စီမံချက်ဆိုင်ရာသဘောထားကို ချမှတ်ပေးခဲ့သည်။

ထိုသို့ သဘောထား ချမှတ်ပေးခဲ့သည့်အလျောက် ၁၉၈၇ခုနှစ်တွင် မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း၃၁၄မြို့နယ်တွင် မြို့နယ်လုံးကျွတ် စာတတ်မြောက်ရေးအောင်ပွဲခံပြီးမြို့နယ်ပေါင်းမှာ ၂၄၄မြို့နယ်ဖြစ်ပါသည်။ ကျန်ရှိသောမြို့နယ်၇၀အနက် ၁၉၈၇ခုနှစ် ဇွန်လ ၃၀ရက်နေ့အထိ စာတတ်မြောက်ရေး ဆောင်ရွက်ဆဲ မြို့နယ်ပေါင်းမှာ ၂၆မြို့နယ်ဖြစ်သည်။ ထို့ကြောင့် ၁၉၈၇ခုနှစ်နောက်ပိုင်းတွင် စာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်ရန် ၄၄မြို့နယ်သာ ကျန်ရှိတော့သည်။ အားလုံးနယ်စပ်မြို့နယ်များဖြစ်ကြ၏။

ဖော်ပြပါ၁၉၆၄ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ ၂၄နှစ်တာကာလအတွင်း စဉ်တိုက်ဆက်တိုက်ကြိုးပမ်းမှုတို့ကြောင့် ၁၉၆၄ခုနှစ်မတိုင်မီ မြန်မာနိုင်ငံ စာတတ်မြောက်မှုနှုန်း ၆၅ရာခိုင်နှုန်းကိုကျော်လွန်ကာ ၇၈၆ရာခိုင်နှုန်းသို့ တိုးမြှင့်နိုင်သည်။

အဆိုးထဲမှအကောင်း

သို့ရာတွင် မြန်မာနိုင်ငံ၌ နိုင်ငံလုံးကျွတ်စာတတ်မြောက်လာစေရေး ကြိုးပမ်းအားထုတ်မှုပြုနေစဉ်အတွင်း မမျှော်လင့်သော အချိန်အခါတစ်ရပ်နှင့်ကြုံကြိုက်ရသည်။ ၁၉၈၈ခုနှစ် ဩဂုတ်လတွင် ဆူပူမှုအရေးအခင်း ပေါ်ပေါက်လာခြင်းပင်တည်း။ စာတတ်မြောက်ရေးလုပ်ငန်းများလည်း ခေတ္တဆိုင်းငံ့သွားခဲ့သည်။

မည်သို့ပင်ဖြစ်စေ အတွေ့အကြုံနှင့် အရှိန်အဟုန်ကိုအခြေခံကောင်းအဖြစ်ခံယူလျက် အခြေအနေပေးလာသည့်အခါ ဆက်လက်ကြိုးပမ်း အားထုတ်ခဲ့သည်။ အားသာချက်၊ အားနည်းချက်များကို ရှုမြင်သုံးသပ်ခဲ့သည်။ နယ်စပ်ဒေသတွင် ကျန်ရှိနေသေးသော စာတတ်မြောက်ရေး မြို့နယ်များအတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကိုဖွဲ့စည်းကာ ယင်းလက်အောက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စာတတ်မြောက်ရေးလုပ်ငန်းကို တာဝန်ယူ လုပ်ဆောင်ခဲ့သည်။

ဤသို့ဖြင့် စာမတတ်သူများအား စာတတ်မြောက်လာစေရေးအတွက် ဆက်လက်ကြိုးပမ်းအားထုတ်ခဲ့ရာ စာတတ်မြောက်မှုနှုန်းမှာ ယနေ့ဆိုလျှင် ၉၄ဒသမ ၈၃ ရာခိုင်နှုန်းရှိလာသည်။ မြန်မာနိုင်ငံသည်လည်း အာရှနှင့်ပစိဖိတ်ဒေသတွင် စာတတ်မြောက်မှုနှုန်း မြင့်မားသော 'က'အုပ်စုဝင်နိုင်ငံ ဖြစ်လာခဲ့သည်။

ရင်မှာရွှန်းမြ၊ နေ့ညအလှ

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ကျေးရွာတိုင်း၌ စာကြည့်တိုက်များရှိနေကြသည်။ လူတိုင်းလည်း စာဖတ်နိုင်ကြပြီ။ စာတတ်ကြပြီ။

စာတတ်စာဖတ်၊ အလင်းခေတ်ကား၊ ထူးမြတ်လှစွာ၊ ဉာဏ်ရောင်ဖြာ၍၊ နေ့ခါညခါ၊ ထွန်းလင်းသာသည်၊ ရင်မှာရွှန်းမြ၊ နေ့ညအလှ။

ဆရာမင်းယုဝေ၏ ကဗျာနိဂုံးဖြင့် အဆုံးသတ်တွေးမြင်ခံစားကြည့်မိသည်။ မြန်မာနိုင်ငံ စာတတ်မြောက်ရေး နေ့ညအလှတို့ကို ထင်ရှားစွာပေါ်ထင်လျက်တွေ့မြင်ရပါ၏။ ။

မြန်မာနိုင်ငံ စာတတ်မြောက်ရေး ဗဟိုကော်မတီသည်စာတတ်မြောက်ရေး လုပ်ငန်းများကို စဉ်တိုက်ဆက်တိုက် လှုပ်ရှားဆောင်ရွက်ခဲ့ရာတွင် တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုများရရှိခဲ့သည်။ နည်းစနစ်များ ကောင်းမွန်လာခြင်း၊ စည်းရုံးရေး ထက်မြက်လာခြင်း၊ လူထုလှုပ်ရှားမှု မှန်ကန်လာခြင်းတို့ ဖြစ်သည်။

အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသော အသိပညာပေး ဟောပြောပွဲကို ယနေ့မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့ကအမှာစကားပြောကြားပြီးပြုစုပျိုးထောင်ရေးနှင့်ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲမှ အဖွဲ့ဝင် ဒေါက်တာအေးမြတ်လွင်က **"သက်မွေးမှုပညာနှင့် လူတို့၏တန်ဖိုး"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲမှ အဖွဲ့ဝင် ဒေါ်ခင်မြဝင်းက **"လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊စာရေးဆရာမဒေါ်ကြူကြူသင်း(ကြူကြူသင်း)က **"မြန်မာအမျိုးသမီးများ၏ဘဝတန်ဖိုး"** ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ယင်းနောက် အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့ခွဲအဖွဲ့ဝင် ဒေါ်အေးအေးမူက အသိပညာပေး စာအုပ်များကို ပေးအပ်လှူဒါန်းရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့ ဗဟန်းမြို့နယ်ရှိ အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ ကျင်းပသည့် အသိပညာပေးဟောပြောပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကျောက်တန်းမြို့နယ် တံတားမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်သည် ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များထံ ထောက်ပံ့ပစ္စည်းကို ပေးအပ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် တံတားမြို့ဆေးရုံနှင့် အခြေခံပညာ အထက်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် တိုင်းမှူးသည် တံတားမြို့နှင့် စင်မကော်ကျေးရွာ အရှည် နှစ်မိုင် လေးဖာလုံရှိ ကျေးရွာချင်းဆက်မြေသားလမ်းမှ ဂဝံကျောက်ချောလမ်းဖောက်လုပ်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် မင်္ဂလွန်းကျေးရွာတောင်သူ ဦးစိုးနိုင်၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မိုးစပါးစံပြ ၁၃ ဧက စိုက်ခင်း၌ မြေသြဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် မင်္ဂလွန်းကျေးရွာ၌ ရန်ကုန်တိုင်း တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဒေသကြက်များအား အပူဒဏ်ခံကြက်လည်လိမ်ရောဂါကာကွယ်ဆေး (I-2) မျက်စဉ်းခတ် ဆောင်ရွက်လျက်ရှိသည်ကို ကြည့်ရှုအားပေး၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒေသကြက်များအား မျက်စဉ်းခတ်ပေးပြီး တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကာ ကျေးရွာရှိ တယ်လီဖုန်းစက်ခုံအား ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မင်္ဂလွန်းကျေးရွာ တောင်သူ ဦးစိုးနိုင်၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မိုးစပါးစံပြ ၁၃ ဧက စိုက်ခင်း၌ မြေသြဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးစဉ်။

ကြည့်ရှုအားပေး

(သတင်းစဉ်)

ပြည်နယ်နှင့် တိုင်း အသက်(၁၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ ပြိုင်ပွဲဝင်အသင်းများအား ကြိုဆိုဂုဏ်ပြု ထောက်ပံ့ငွေ ပေးအပ်

နေပြည်တော် စက်တင်ဘာ ၁

၂၀၀၈ ခုနှစ် (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက် (၁၅) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဝင် အသင်းများအား ကြိုဆိုဂုဏ်ပြုပွဲကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့ တက်ရောက်၍ အမှာစကားပြောကြားကြသည်။

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် (၁၃) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက် (၁၅)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (အား/ကာ)

ယင်းနောက် ဝန်ကြီးက အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊မွန်ပြည်နယ် အားကစားနှင့်ကာယပညာ ကော်မတီ၊ ကရင်ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီ၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်သို့ ဘောလုံး၊ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်း အားကစားပစ္စည်းများနှင့် လူငယ်ဘောလုံးဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ရွေးချယ်လေ့ကျင့် ပေးလျက်ရှိသည့် လူငယ်ဘောလုံးအသင်း သုံးသင်းစီသို့ ၂၀၀၈ခုနှစ် ဒုတိယ ခြောက်လအတွက် ငွေကျပ် ခြောက်သိန်းကျော်တန်ဖိုးရှိ ဘောလုံး အားကစားပစ္စည်းများနှင့် နည်းပြများ အတွက် ထောက်ပံ့ငွေများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

လူငယ်ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်သို့ ငွေကျပ် ၁၄ သိန်း ခန့်တန်ဖိုးရှိ ဘောလုံးအားကစား ပစ္စည်းများနှင့် နည်းပြထောက်ပံ့ငွေများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိ ပြည်နယ်နှင့် မြို့နယ် အားကစားနှင့် ကာယပညာကော်မတီများသို့ ငွေကျပ် ၁၆ သိန်းကျော် တန်ဖိုးရှိ အားကစားပစ္စည်းများကို ထောက်ပံ့ပေးသည်။ ဆက်လက်၍ (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၅)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ညနေ ၃ နာရီတွင် မော်လမြိုင်မြို့ ပြည်နယ် အားကစားကွင်း၌ ကျင်းပရာ ဝန်ကြီးက အမှာစကား ပြောကြားသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းတို့က ပြိုင်ပွဲဝင်အသင်း(၁၆)သင်းသို့ ထောက်ပံ့ငွေကျပ် တစ်သိန်းစီနှင့် ဟုမ်းတောက် ဆောက်လုပ်ရေးက ငွေကျပ်နှစ်သောင်းစီတို့ကို တာဝန်ရှိသူများထံထောက်ပံ့ပေးအပ်ကြသည်။ ထို့နောက်တိုင်းမှူးနှင့် ဝန်ကြီးတို့က ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီခဲ့ကြသော အဖွဲ့များအား ငွေကျပ် ၁၅၀၀၀၀ စီ ထောက်ပံ့ပေးအပ်သည်။

ဖွင့်ပွဲအပြီးတွင် ပထမပွဲစဉ်အဖြစ် မွန်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မွန်ပြည်နယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်ကစား

အဆိုပါ ပြိုင်ပွဲ၏ ပထမအဆင့် အုပ်စုပွဲစဉ်များကို မော်လမြိုင်၊ ဘားအံ၊ သထုံနှင့်မုဒုံမြို့ရှိ အားကစားကွင်းများ၌ စက်တင်ဘာ ၇ ရက်အထိ၊ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များကို မော်လမြိုင်နှင့်မုဒုံမြို့များ၌ စက်တင်ဘာ ၉ ရက်နှင့် ၁၀ ရက်၊ အကြိုဗိုလ်လုပွဲစဉ်များကို မော်လမြိုင်မြို့၌ စက်တင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်၊ တတိယနေရာလုပွဲကို မော်လမြိုင်မြို့၌ စက်တင်ဘာ ၁၃ ရက်နှင့် ဗိုလ်လုပွဲကို မော်လမြိုင်မြို့၌စက်တင်ဘာ ၁၄ ရက်တို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၉-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၀	၅။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၄း၂၅	၆။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅	၈။	မျိုးချစ်တပ်မတော်
၅း၀၀	၉။	မြန်မာစာမြန်မာစကား
၅း၂၅	၁၀။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၅	၁၁။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀	၁၂။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၄။	နိုင်ငံတကာသတင်း
၆း၂၀	၁၅။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၆။	ဝတ်စားဆင်ယင်လှစေချင်
၆း၄၅	၁၇။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - စံပါပဲ (အပိုင်း-၁၂)**
၈း၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	အမျိုးသားရေး တေးကဗျာ
	၂၂။	လယ်တီ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
	၂၃။	မွေးမြူသုတ
	၂၄။	ဗွီစီဒီကျော်ကြား တေးများ
	၂၅။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၆။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ရွှေမင်းသမီးရဲ့ဖူးစာ (အပိုင်း-၂)**
	၂၇။	သင့်အတွက်မနက်ဖြန်
	၂၈။	အပိတ်နှုတ်ဆက်စကား
	၂၉။	ပြီးပါပြီ။

စာကြည့်တိုက်အခြေခံသင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၁

ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က ကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက်အခြေခံသင်တန်း (၁/၂၀၀၈) သင်တန်းဆင်းပွဲကို ဩဂုတ် ၂၄ ရက် ညနေ ၃ နာရီက ပွင့်တန်ဆာမြို့ အထကကျောင်း ဦးသူတော်ခန်းမ၌ ကျင်းပသည်။

ချီးမြှင့်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးခင်ဝင်းက အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးမျိုးမြင့်အောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဇော်မင်းနိုင်တို့က သင်တန်းဆင်းလက်မှတ်များကို အသီးသီးချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ ကျေးလက်များတွင် တာဝန်ထမ်းဆောင်နေသော စာရေးဝန်ထမ်း ၄၃ ဦးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ၁၄ ဦးတို့ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဩဂုတ် ၂၃၊ ၂၄ ရက်များတွင် ကျင်းပခဲ့ကြောင်း သိရသည်။

(၁၂၆)

ရှမ်းပြည်နယ်(မြောက်ပိုင်း)တစ်ခွင် စီးပွားဖြစ်ရော်ဘာဖြင့် အလှဆင်မည်

သတင်းဆောင်းပါး - ကျော်ကျော် (ဗန်းမော်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) စိမ်းလန်းစိုပြည်ရေး၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ရေရှည်စီးပွား ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးနှင့် ဒေသခံပြည်သူများအလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာစေရေးအတွက် ဒေသနှင့် သင့်လျော်မည့် စီးပွားဖြစ်စက်မှုကုန်ကြမ်းဖြစ်သည့် နှစ်ရှည်ရော်ဘာပင်ကို စမ်းသပ်စိုက်ပျိုးခဲ့ရာ ယခုအခါ အောင်မြင်မှုများ ရရှိနေပြီဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ရော်ဘာကို ၁၉၉၆ခုနှစ်မှစတင်၍ ဒေသအနှံ့ နှစ်စဉ်တိုးတက် စိုက်ပျိုးခဲ့ရာ ၂၀၀၃ခုနှစ်တွင် စုစုပေါင်း ၁၈၉၈၃ဧက စိုက်ပျိုးပြီးစီးခဲ့သည်။ သို့ရာတွင် ရော်ဘာကို စတင်စိုက်ပျိုးစကာလဖြစ်၍ အတွေ့အကြုံနည်းပါးခြင်းကြောင့် စိုက်ပျိုးနည်းစနစ်မမှန်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ရှာဖွေစိုက်ပျိုးနိုင်ခဲ့မှု မရှိခြင်းနှင့် ၁၉၉၉ခုနှစ်တွင် အအေးလှိုင်းများ ကျရောက်ခဲ့ခြင်းတို့ကြောင့် စိုက်ပျိုးပြီး ၁၄၅၄၅ ဧက ပျက်စီးဆုံးရှုံးခဲ့ပြီး ၄၄၃၈ဧကသာကျန်ရှိခဲ့သည်။ ရော်ဘာခြံ လုပ်ငန်းရှင်များလည်း ပျိုး၍ မအောင်မြင်နိုင်ကြောင်း ယုံမှားသံသယနှင့်အတူ ရော်ဘာစိုက်ပျိုးမှုမှာလည်း တုံ့ဆိုင်းသလိုဖြစ်ခဲ့ရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် မြောက်လတ္တီတွဒ် ၁၇ဒီဂရီ မြောက်ဘက်တွင်တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ပေ ၁၈၀၀မှ ၅၀၀၀ကြားတွင်တည်ရှိသည်။ နှစ်စဉ်ပျမ်းမျှ မိုးရေချိန်မှာ လက်မ ၅၀ မှလက်မ ၆၀ ရှာသွန်း၍တစ်နှစ်ပတ်လုံး မိုးရွာရက်မှာရက်ပေါင်း ၉၀-၁၀၀ ရရှိသည့်အတွက် ရေမြေ၊ ရာသီဥတုမှာရော်ဘာကြိုက်ရာသီဥတု ဖြစ်သည်။ ထို့ကြောင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ရော်ဘာစိုက်ပျိုးပါက အမှန်မုချ အောင်မြင်ရမည်ဟု အဘက်ဘက်မှ လေ့လာသုံးသပ်ဆုံးဖြတ်၍ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ရော်ဘာခြံလုပ်ငန်းရှင်များကို ဖိတ်ခေါ်၍ မိမိတို့ ရော်ဘာစိုက်ပျိုး ပညာရှင်များ၏ လေ့လာတွေ့ရှိချက်များကို မှတ်တမ်းဓာတ်ပုံများနှင့်တကွ ရှင်းလင်းပြသခဲ့သည်။ ကမ္ဘာ့ရော်ဘာဈေးကွက်၊ မြန်မာ့ရော်ဘာခြံလုပ်ငန်းရှင်များသည် စီးပွားဖြစ်နှစ်ရှည် သစ်ပင် ရော်ဘာပင်ကို တိုးချဲ့စိုက်ပျိုးလာခဲ့ရာ ယခုအခါတွင် မူဆယ်ခရိုင်နှင့် ကွမ်းလုံခရိုင်တွင် စိုက်ပျိုးမြေ မကျန်ရှိလောက်အောင် ဖြစ်ထွန်းလျက်ရှိသည်။

လားရှိုးမြို့နယ်နှင့် သိန္နီမြို့နယ်များတွင်လည်း တိုးချဲ့စိုက်ပျိုးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး လားရှိုး-မိုင်းယော်-မိုင်းကျက်ကားလမ်း ဘေးဝဲယာတွင် ၂၀၀၆-၂၀၀၇မှစ၍၂၀၁၀ ပြည့်နှစ်အတွင်း ရော်ဘာစိုက် ဧက ၁၀၀၀၀စိုက်ပျိုးရေးအထူးဇုန်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည်။ မြန်မာ့နှစ်ရှည်ပင် လုပ်ငန်းက ပြည်နယ် စိုက်ပျိုးရေးအထူးဇုန်အတွင်းရှိ ရှမ်းရိုးမအေးချမ်းရေးကုမ္ပဏီစိုက်ခင်းဧက ၇၀၀ ကို စံပြစိုက်ခင်း အဖြစ်ထူထောင်ပြီး နမူနာပြကွန်တိုလိုင်းများ ဖော်ပေးခြင်း များပြုလုပ်၍ ပြည်နယ်တွင်းရှိ စိုက်ပျိုးရန်ကျန်ရှိနေသော ဒေသအားလုံးအား အဆိုပါ စံပြစိုက်ခင်းအတိုင်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ၂၀၀၈-၂၀၀၉ ခုနှစ်အတွက်စံလောင်းအနီး

အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ရော်ဘာပင်များမှ ရော်ဘာစေးများ ခြစ်ယူသယ်ဆောင်လာသည်ကို တွေ့ရစဉ်။

အောင်မြင်နေသောရော်ဘာပင်များ

အောင်မြင်နေသော ရော်ဘာပင်များနှင့် ရော်ဘာစေးခြစ်သူများကို တွေ့ရစဉ်။

ရော်ဘာကို ပြန်လည်စိုက်ပျိုးရန် စိတ်ပျက် အားလျော့လာခဲ့သည်။ ထိုအချိန်က နိုင်ငံတကာ ရော်ဘာစိုက်ပျိုးရေး ကျွမ်းကျင်ပညာရှင်များကလည်း ကမ္ဘာပေါ်တွင် ရော်ဘာ စိုက်ပျိုးအောင်မြင်မှုသည် တောင်လတ္တီတွဒ် ၁၀ဒီဂရီ၊ တောင်နှင့် မြောက်လတ္တီတွဒ် ၁၅ဒီဂရီ မြောက်အတွင်းရှိ ဒေသများ တွင်သာ စိုက်ပျိုးအောင်မြင်နိုင်ပြီး မြောက်လတ္တီတွဒ် ၁၇ဒီဂရီ မြောက် ဘက်ရှိဒေသများတွင် ရော်ဘာ စိုက်ပျိုးရန်မသင့်ကြောင်း ထင်မြင်ယူဆမှုသတင်းများ ကြောင့် ဒေသ အာဏာပိုင်များနှင့် ခြံလုပ်ငန်းရှင်များသည်ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ရော်ဘာစိုက်ဈေးကွက်တို့၏ ဝယ်လိုအား၊ ရောင်းလိုအား တိုးတက် ကောင်းမွန်နေမှုများကိုပါ ထပ်မံ ရှင်းလင်းပြသခဲ့မှုကြောင့် ယုံမှားသံသယ အမြင်များ ကင်းရှင်းသွားပြီး နောင်ရေးစိတ်အေးရမည့် နှစ်ရှည်သစ်ပင်စီးပွားဖြစ် ရော်ဘာပင်ကို ၂၀၀၄ ခုနှစ်မှ ပြန်လည် စတင်စိုက်ပျိုးလာခဲ့သည်။ ပြန်လည် စိုက်ပျိုးသည့် အချိန်တွင် ဆုံးရှုံးပျက်စီးမှုမှ ကျန်ရှိစိုက်ဧကမှာ ၄၄၃၈ ဧကသာရှိခဲ့ရာမှယခုဆိုလျှင် စိုက်ပျိုးပြီးဧက ၄၀၀၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အသိအမြင်ဗဟုသုတကျယ်ပြန့်လာပြီ ဖြစ်သည့် ဒေသခံတိုင်းရင်းသား ရှိကောင်းကော်ရှာ၌KDA ငြိမ်းချမ်းရေးအဖွဲ့နှင့် ငွေနှင်းမှုန်ကုမ္ပဏီတို့၏ ရော်ဘာစိုက်ဧက ၄၀၀၀ စီမံကိန်းကိုလည်း မြန်မာ့နှစ်ရှည်ပင်မှ နည်းပညာပံ့ပိုးကူညီ ဆောင်ရွက် ပေးလျက်ရှိသည်။ နမ္မတူ မြို့နယ် မုန်းရင်းဒေသတွင် ရော်ဘာစိုက်ဧက ၄၀၀၀၀ စိုက်ပျိုးရန်လျာထား လျက်ရှိပြီး ဒေသခံတိုင်းရင်းသား ခြံလုပ်ငန်းရှင်များ၊ အစုအဖွဲ့များ၊ ကုမ္ပဏီများ ကို မကြာမီဖိတ်ခေါ်တော့မည်ဖြစ်ကြောင်း လိုအပ်သောနည်းပညာများကိုလည်း အနီးကပ်ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဒေသတွင်း နောင်ရေးအတွက် နှစ်ရှည် စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်နေသကဲ့သို့ စိုက်ပျိုးမြေတိုးချဲ့လာမှုအရ လတ်တလော လိုအပ်လာသည့် မျိုးပျိုးပင်များအတွက် ဒေသအတွင်းမှာ ပင်ရရှိစေရန် တစ်နှစ်အတွင်း ပျိုးပင်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မူဆယ်ခရိုင်တွင် BPM-24 မျိုးစေ့ကို မုဒုံ၊ သံဖြူဇရပ်ဘက်မှ မှာယူပြီး တစ်နှစ်အတွင်း ပျိုးပင်ထုတ်လုပ်နိုင်ရေးကို ကြိုးစားဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် မျိုးစေ့ ၆၀၀၀၀ကျော် ပျိုးထောင်ထားပြီး အစေ့စိုက် ဖူးကူးပျိုးပင်ကို တစ်နှစ်အတွင်း ပျိုးထုတ်နိုင်ရေးအတွက် ကြိုးစားအားထုတ်နေကြောင်းသိရသည်။

မြန်မာ့စိုက်ပျိုးရေးပညာရှင်များ၏ ကြိုးစားအားထုတ်မှုနှင့် အသိပညာ၊ အတတ်ပညာ စွမ်းပကားကြောင့် ယခုအခါတွင် မြန်မာဖူးကူးပျိုးငုတ်ပင်များကို ကြိုက်နှစ်သက်သည့်အတွက် တရုတ်ပြည်ဘက်မှ လာရောက်ကြည့်ရှု ဝယ်ယူမှုများရှိလာခဲ့သည်။ မူဆယ်ခရိုင်မှ စိုက်ပျိုးထားသည့် အဖူးကူးပျိုးငုတ်ပင် ၃၀၀၀၀ ခန့် ရောင်းချနိုင်ခဲ့သည့်အတွက် မြန်မာကျပ်ငွေသိန်း ၃၀၀ ခန့် ရရှိခဲ့ကြောင်းသိရသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းဒေသသည် မြေဧရိယာကျယ်ပြန့်သည့် တောင်ပေါ်မြေပြန့်ဒေသဖြစ်သည့် အတွက် ရော်ဘာစိုက်ပျိုးနိုင်သည့် မြေဧကငါးသိန်းကျော်ခန့် ကျန်ရှိနေရာ နောင်တစ်ချိန်တွင် တစ်ပြည်နယ်လုံး ရော်ဘာ စိုက်ပျိုးဧကပြည့်မီပြီးစီးသွားပါက မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်နှင့်တိုင်းများတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)သည် ရော်ဘာစိုက်ပျိုးမှု အများဆုံးပြည်နယ်တစ်ခု ဖြစ်လာနိုင်သည့် အလားအလာကောင်းများ ရှိနေသည်။ ရွှေ့ပြောင်း တောင်ယာ စိုက်ပျိုးသည့် တောင်သူများကို လည်းစည်းရုံးလှုံ့ဆော် အသိပညာပေးမှုကြောင့်ရော်ဘာပင်များကြားတွင် ကြားသီးနှံများကို စိုက်ပျိုးခြင်းဖြင့် လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းများလည်းအဆင်ပြေ၊ မြေပိုင်ဆိုင်မှု မရှိဘဲ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းလုပ်ကိုင်နေရသောအဖြစ်မှ ခြံလုပ်ငန်းရှင်များ ဖြစ်လာမည်ဖြစ်ရာ ရော်ဘာစိုက်ပျိုးမှုကို မှီ၍ ပျိုးပင်များ စိုက်ပျိုးရောင်းဝယ်ခြင်းဖြင့်ဒေသခံတိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာပြီး စီးပွားရေးတွက်ခြေကိုက်သည့် ဝင်ငွေများ ဒေသအတွင်းမှာပင် ရှာဖွေနိုင်တော့မည် ဖြစ်သည်။ ယခင်က စိမ်းလန်းစိုပြည်ခဲ့သည်ထက် မကြာမီနှစ်များတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသသည် စီးပွားဖြစ်ရော်ဘာ စိုက်ခင်းများဖြင့် စိမ်းလန်းစိုပြည်၍ စီးပွားရေးတိုးတက်ဖြစ်ထွန်း ခိုင်မာသည့် ပြည်နယ်တစ်ခု ဖြစ်လာတော့မည်ဖြစ်ကြောင်း မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ပြည်နယ် မန်နေဂျာဦးဝင်းလှိုင်ဦးက ကြေးမုံသို့ ရှင်းလင်းပြောကြားသည်။

မျက်စိတစ်ဆုံး အောင်မြင်ဖြစ်ထွန်းနေသော ရော်ဘာပင်များ။

○ ဗဟိုအလုပ်အမှုဆောင်

ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်တို့ တက်ရောက် အမှာစကားပြောကြားကြပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ကယားပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များ၊ ပြည်နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အကောင်းဆုံးဆုရ ဒီမောဆိုးမြို့နယ် လှိုင်လမ်းဖ အခြေခံပညာအထက်တန်းကျောင်းခွဲ ငါးဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် လေးဦးတို့အားလည်းကောင်း၊ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများက နှစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၃၃ ဦးတို့အားလည်းကောင်း ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် လှိုင်ကော်မြို့ ဒေါနိုကူးရပ်ကွက် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားကြကာ ကျောင်းအတွက် ငွေကျပ်ငါးသိန်းနှင့် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းကြပြီး ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် လှိုင်ကော်မြို့ လောဓမ္မရပ်ကွက် အမှတ်(၆) အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို တက်ရောက်အမှာစကားပြောကြားကြပြီး ကျောင်းအတွက် ဗလာစာအုပ်နှင့် အလှူငွေကျပ် ကိုးသိန်း ပေးအပ်လှူဒါန်းကြသည်။

အလှူငွေများပေးအပ်

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် လှိုင်ကော်မြို့ ပြည်နယ်ဘိုးဘွားရိပ်သာသို့ သွားရောက်ကြပြီး အဘိုး ခုနစ်ဦးနှင့် အဘွား ၁၅ ဦးတို့အား ဆေးဝါးနှင့် အလှူငွေများ ပေးအပ်သည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် ညနေပိုင်းတွင် လှိုင်ကော်မြို့ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှု ဆောင်များနှင့် တွေ့ဆုံသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် ဒီမောဆိုးမြို့နယ် ဒေါင်ခါးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းခန်းမ၌ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက အသင်းဝင် အဆိုပြုလွှာ ၁၀၀၀ ကို ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆွေထံ ပေးအပ်ပြီး ကျောင်းအတွက် ဗလာစာအုပ် ဒါဇင် ၅၀ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ဗဟိုအလုပ် အမှုဆောင်ဝန်ကြီး၊ ပြည်နယ်ဥက္ကဋ္ဌတို့က ကျောင်းအတွက် ငွေကျပ်ခုနစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် ဒီမောဆိုးမြို့နယ် ဒေါင်ခါး(၂) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားကြပြီး ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် ဒီမောဆိုးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး ကျောင်းဆောင်သစ်အတွက် ငွေကျပ်ခုနစ်သိန်း ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် ဒီမောဆိုးမြို့နယ် ငွေတောင်ကျေးရွာရှိ အလျား ၂၅ပေ၊ အနံပေ ၂၀ရှိ ငွေတောင်တန်းစာကြည့်တိုက် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေး၍ ငွေကျပ်ခြောက်သိန်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် လှိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြကြပြီး တံတားဦးစီးမှ အင်ဂျင်နီယာမှူးကြီး ဦးစိန်မောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး မကွေး-တောင်တွင်းကြီး - တောင်ညို-နေပြည်တော် လမ်းတစ်လျှောက် လမ်းတံတား တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကျားတွင်းရေ သံသတ္တုမိုင်းစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဩဂုတ် ၃၀ ရက် ညနေပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ကျားတွင်းရေ သံသတ္တုမိုင်း၌ သံမဏိစက်ရုံအတွက် လိုအပ်သော အရည်အသွေးကောင်းသည့် သံသတ္တုရိုင်းများတူးဖော်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခန်းမဆောင်၌ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ဝန်ကြီးသည် ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် သံမဏိစက်ရုံဝင်း အတွင်း၌ စိုက်ပျိုးထားသည့် ကော်ဖီစိုက်ခင်း၊ ကြက်ဆူပင်စိုက်ခင်း၊ ဟင်းသီးဟင်းရွက် စိုက်ခင်းများနှင့် မွေးမြူထားသည့် ကြက်ခြံများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံဝင်း အတွင်း သတ္တုရိုင်းကုန်ကြမ်းများ စုပုံထားရှိမှု၊ မီးရထားဖြင့် ရောက်ရှိလာသော ကျောက်မီးသွေးများ စုပုံနေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း သံရည်ကျို၍ သံမဏိချောင်း၊ သံမဏိလုံးများထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပုသိမ်ကြီးမြို့နယ်ရှိ ထုံးကျောက်မိုင်း၌ ထုံးကျောက်များ ထုတ်လုပ်နေမှု၊ ထုတ်လုပ်ပြီး ကျောက်များကို ကျောက်သယ်ကားများဖြင့် သယ်ယူ၍ ကွန်ပယ်ယာများဖြင့် ကြိတ်ခွဲသန့်စင် စုပုံထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် သာစည်မြို့နယ်ရှိ ဘရိုက်တီးကျောက် အမှုန့်ကြိတ်စက်ရုံ၌ သတ္တုရိုင်းများ စုပုံထားရှိမှု၊ သယ်ဆောင်ကြိတ်ခွဲနေမှု၊ စက်များကြံ့ခိုင်ရေး ဆောင်ရွက်နေမှုနှင့် ထုတ်လုပ်ပြီး ဘရိုက်တီးကျောက်မှုန့်များ ထုပ်ပိုးထားရှိမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် သင်တန်းများဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းသည် ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ် (၂၉/၃၀)၊ အဆင့်မြင့်အိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁၉)၊ အိမ်တွင်းမှု လက်မှုလုပ်ငန်း(ကြိမ်/ဝါး) သင်တန်း အမှတ်စဉ် (၆)နှင့် စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ် (၅၆/၅၇) သင်တန်းများဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းနှင့်အဖွဲ့သည် သင်တန်းသား၊ သင်တန်းသူများ၏ အိပ်ဆောင်၊ စာသင်ဆောင်၊ စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခုဖွင့်လှစ်သည့် သင်တန်းများဖြစ်သော စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ် (၂၉)သို့ စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့်အထက် သင်တန်းသား ၃၀၊ စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ် (၃၀) သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ ဒုတိယဦးစီးမှူးနှင့်အထက် သင်တန်းသား ၃၀၊ အဆင့်မြင့် အိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁၉)သို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများမှ နည်းပြ သင်တန်းသူ ၂၀၊ အိမ်တွင်းမှု လက်မှုလုပ်ငန်း (ကြိမ်/ဝါး) သင်တန်းအမှတ်စဉ် (၆)သို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများမှ နည်းပြသင်တန်းသူ ၂၀၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၅၆)သို့ စည်ပင်သာယာရေး ဦးစီးဌာနမှ စာရေးဝန်ထမ်း သင်တန်းသား ၃၀၊ စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ်(၅၇)သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ စာရေးဝန်ထမ်း သင်တန်းသား ၃၀ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၁၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တန်းမြင့် မြေတိုင်းပညာနှင့် ခေတ်မီမြေတိုင်းပညာ သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန တန်းမြင့်မြေတိုင်းပညာနှင့် ခေတ်မီမြေတိုင်းပညာ သင်တန်း အမှတ်စဉ်(၁၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွန်းနီက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

လေ့ကျင့်သင်ကြား

အဆိုပါ အခမ်းအနားသို့ သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသန်းနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၉၀ တို့ တက်ရောက်ကြပြီး သင်တန်းတွင် ခေတ်မီမြေတိုင်းနည်းပညာများဖြစ်သည့် Geomedia,GPS,GIS နှင့် Total Station Survey ဘာသာရပ်များကို လေ့ကျင့်သင်ကြားမည်ဖြစ်ကြောင်းနှင့် သင်တန်းကာလမှာ ငါးလခွဲ ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☼ ကျောဖုံးမှ

ရောဂါကို ဓာတုဆေးဝါးများဖြင့် ကုသရန်အတွက် တီလိုမီရာစီးသည် အသင့်လျော်ဆုံးသော ရည်မှန်းချက်ဖြစ်သည်။ အကြောင်းမှာ ၎င်းသည် လူသားတို့၏ အဖုအကျိတ်အားလုံးနီးပါးတွင် ရှင်သန်လှုပ်ရှားပြီး သာမန် ဆဲလ်များတွင် ရှင်သန်လှုပ်ရှားမှု မရှိခြင်းကြောင့်ဖြစ်သည်။

ထိုဖော်ထုတ်နိုင်သော ဆေးသည် တီလိုမီရာစီး၏ လှုပ်ရှားမှုကို လျော့နည်းစေခြင်းဖြင့် ကင်ဆာရောဂါကို ဘေးထွက်ဆိုးကျိုး အနည်းငယ်ဖြင့် ကုသပေးနိုင်လိမ့်မည် ဟုဆိုသည်။

ဘရူနေး(လ်)တက္ကသိုလ်မှ ပါမောက္ခရော့နယူဘိုးလ်က ဤတွေ့ရှိချက်သည် အလွန်အရေးကြီးသော အောင်မြင်မှု တစ်ခုဟု ပြောကြားသည်။ **အင်တာနက်။**

ဂျပန်ဝန်ကြီးချုပ် ဖူကူဒါ ရာထူးမှ နုတ်ထွက်ကြောင်းကြေညာ

တိုကျို စက်တင်ဘာ ၁

ဂျပန်ဝန်ကြီးချုပ် ယာဆူအိုဖူကူဒါသည် စက်တင်ဘာ ၁ ရက်က ၎င်း၏ ဝန်ကြီးချုပ်ရုံး၌ သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်စဉ်အတွင်း ရာထူးမှနုတ်ထွက်ကြောင်း ကြေညာလိုက်သည်။

အသက် (၇၂)နှစ်ရှိ ဝန်ကြီးချုပ်ဖူကူဒါသည် ဝန်ကြီးချုပ်ရာထူး တာဝန်ထမ်းဆောင်ပြီး တစ်နှစ်တင်းတင်း မပြည့်သေးမီမှာပင် ရာထူးမှ နုတ်ထွက်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်သွားသဖြင့် ဝန်ကြီးချုပ်ရာထူးအတွက် ရွေးချယ်ခန့်ထားရန်အတွက် အာဏာရလစ်ဘရယ် ဒီမိုကရက်တစ်ပါတီက ကြားဖြတ်ရွေးကောက်ပွဲ တစ်ရပ်ကျင်းပဖွယ်ရှိသည်။

ယင်းပါတီက ပါတီခေါင်းဆောင်ကို ရွေးချယ်ပြီး ဝန်ကြီးချုပ်ရာထူးအတွက် ရွေးချယ်တင်မြှောက်လိမ့်မည်ဟု မျှော်လင့်ရကြောင်း မစ္စတာဖူကူဒါက ပြောကြားသည်။

ဂျပန်နိုင်ငံ၏ လာမည့် အထွေထွေရွေးကောက်ပွဲသည် ၂၀၀၉ ခုနှစ် စက်တင်ဘာလထက် နောက်မကျဘဲ ကျင်းပလိမ့်မည်ဟု ဆိုသည်။

အင်တာနက်။

ကျောက်တော်မြို့နယ် မီးဘေးကြိုတင်ကာကွယ်မှုအနေဖြင့် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ လေ့ကျင့်နေမှုကို အမှုဆောင်အရာရှိ ဦးသာအေးကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

✧ အမေရိကန်မှ

တောင်ပိုင်းသို့ စက်တင်ဘာ ၁ ရက် အစောပိုင်းက စတင်ဝင်ရောက်ခဲ့ပြီး အမေရိကန်ပင်လယ်ကွေ့ကမ်းခြေတွင် မိုးသည်းထန်စွာ ရွာသွန်းစေခဲ့သည်။

အဆိုပါမုန်တိုင်းသည်လူဝီစီးယားနားပြည်နယ်ကိုကော့ဒရီကမ်းလွန်၌ ဗဟိုပြုနေပြီး တစ်နာရီလျှင် မိုင် ၁၁၀နှုန်းဖြင့် အမေရိကန် ပင်လယ်ကွေ့ကမ်းခြေသို့ ဦးတည်တိုက်ခတ်လာနေကြောင်း၊ လှိုင်းလုံးကြီးများမှာ ၁၄ ပေ အထိမြင့်တက်လာနိုင်ကြောင်း အမေရိကန်အမျိုးသား ဟာရီကိန်းသတင်းထုတ်ပြန်ရေးအဖွဲ့က ပြောကြားသည်။

ယင်းမုန်တိုင်းကြောင့် ထောင်ပေါင်းများစွာသော ပြည်သူများသည် မစ္စစ္စပီ၊ အယ်ဘားမားနှင့် တက္ကဆက်ပြည်နယ်အရှေ့တောင်ပိုင်း ဒေသများသို့ ရွှေ့ပြောင်းထွက်ခွာသွားကြသည်။ ၎င်းမုန်တိုင်းသည် လွန်ခဲ့သော သီတင်းပတ်က ဟေတီ၊ ဒိုမီနီကန်နှင့် ဂျမေကာနိုင်ငံများသို့ ဝင်ရောက်ခဲ့ရာ လူပေါင်း ၈၀ သေဆုံးခဲ့ရသည်။ **အင်တာနက်။**

● ကမ္ဘာ့အမြန်ဆုံးမှ

ခုတ်မောင်း ပြေးဆွဲခြင်းအားဖြင့် ပေကျင်းနှင့် ရှန်ဟိုင်းအကြား သာမန်ရထားဖြင့် ခုတ်မောင်းချိန် ၁၀ နာရီကြာမြင့်ခြင်းကိုအချိန်ထက်ဝက်ကျော် လျှော့ချ ပြေးဆွဲသွားနိုင်မည်ဖြစ်သည်။

ကီလိုမီတာ ၁၃၀၀ ရှည်လျားမည့် မြန်နှုန်းမြင့် ရထားလမ်းကိုလည်း လေးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဟု သိရသည်။

ဘီဘီစီ။

မီးသုံးစွဲလျှင် အသိယှဉ် အစဉ်သတိ အမြဲရှိ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၉-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူ ကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ အကပြိုင်ပွဲ
၈း၀၀ ၆။ **"ရေမြင့်ကြာတင့်" (ခန့်စည်သူ၊ ရော၊ ၄က်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ ထင်ပေါ်၊ ဂွမ်းပုံ၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ- ဖုန်းမြင့်အောင်)**
၈း၂၀ ၇။ ၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး [ဝါသနာရှင် (ပထမတန်းအဆင့်) (အမျိုးသား)]
၈း၃၀ ၈။ International News.
၈း၄၀ ၉။ နှောင်းခေတ်တေးပဒေသာ
၈း၅၀ ၁၀။ အတီးပြိုင်ပွဲ
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၃၀ ၄။ စစ်တောင်းတံတား(မုပ္ပလင်)
၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅ ၆။ **"မြူတိမ်ကင်းသောနေ့" (ထွန်းထွန်းဝင်း၊ မင်းထက်ကျော်ဇင်၊ စိုးမိုးကြည်။ ပုလဲဝင်း) [ဒါရိုက်တာ- သိန်းဟန်(ဖီးနစ်)]**
၅း၀၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၅း၃၅ ၈။ ၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလ ပေါ်တေးနှင့် ခေတ်ဟောင်းတေး (ဝါသနာရှင်၊ ပထမတန်းအဆင့်) (အမျိုးသမီး)
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀ ၁၂။ သုတစုံလင်ရွှေဥဂ္ဂဏ်ရှင်
၇း၁၅ ၁၃။ တေးဂီတအစီအစဉ်
၇း၃၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပန်းပျိုးလက်" (အပိုင်း-၆)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မျက်ဝန်းရိပ်" (အပိုင်း-၆)**
၁၉။ အစီအစဉ်ပြီး၏။

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဝေါမြို့နယ်အတွင်း အကျိုးပြုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဩဂုတ် ၃၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပဲခူးတိုင်း ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြွေဆိပ်ဖြေဆေးများ ပေးအပ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် မြစ်ကျိုးကျေးရွာ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ရပ်မိ ရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဝေါမြို့ မြို့နယ်ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်အဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အမှုဆောင်များ၊ လူမှုရေး အသင်း အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ အား တွေ့ဆုံ၍ တင်ပြချက်များ အပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက် ပေးပြီး အဘားကျေးရွာ တွဲဖက် အခြေခံပညာ အလယ်တန်းကျောင်း ဆောင်သစ် ဆောက်လုပ်ရန် သွပ် အချပ် ၁၀၀ အတွက် ကျသင့်ငွေ ကျပ် ၄၈၀၀၀၀၊ အားကစားပစ္စည်း များနှင့် မြွေဆိပ်ဖြေဆေးများကို ပေး အပ် လှူဒါန်းကြောင်း သတင်းရရှိ သည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ပဲခူးတိုင်း ဝေါမြို့နယ် အဘားကျေးရွာ တွဲဖက်အလယ်တန်းကျောင်းဆောင်သစ် ဆောက်လုပ်ရန် သွပ်အချပ် ၁၀၀ အတွက် ကျသင့်ငွေကျပ် ၄၈၀၀၀၀ ကို ပေးအပ်လှူဒါန်းစဉ်။ (အား/ကာ)

အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

SHEIPHIA HOLDING SDN. BHD မှ Chief Executive Director များဖြစ်ကြသော Dr. Ebrahim နှင့် Dr. Rohani တို့က အဆင့်မြင့် ဟော်ကီအားကစား အထောက်အကူပြု ပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဟော်ကီအားကစား အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁

ရွှေသံလွင်ကုမ္ပဏီနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် အထွက်တိုးရေးနှင့် အဆင့်မြင့် နည်းပညာများအတွက် ပူးပေါင်းဆောင်ရွက်သည့် SHEIPHIA HOLDING Co.,Ltd.(မလေးရှား) က အဆင့်မြင့် ဟော်ကီအားကစား အထောက်အကူပြုပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂၇ ရက်တွင် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် အတွင်းရေးမှူးဦးခင်မောင်ထွန်း၊ SHEIPHIA HOLDING SDN. BHD မှ Chief Executive Director များဖြစ်ကြသော Dr.Ebrahim နှင့် Dr.Rohani၊ ဒေသခံဌာနေကိုယ်စားလှယ် ဦးကျော်နိုင်(လူမှုထူးချွန်တတိယဆင့်)၊ ရွှေသံလွင်ကုမ္ပဏီ အထွေထွေမန်နေဂျာ ဦးမင်းဆွေနှင့် တာဝန်ရှိသူများ၊ ဧည့်သည်များ တက်ရောက်ကြသည်။

အဆိုပါ ပေးအပ်လှူဒါန်းပွဲတွင် SHEIPHIA HOLDING SDN. BHDမှ ဒေသခံဌာနေကိုယ်စားလှယ် ဦးကျော်နိုင်(လူမှုထူးချွန်တတိယဆင့်)က လှူဒါန်းရခြင်းအကြောင်းနှင့် အဆင့်မြင့် ဟော်ကီအားကစားအထောက်အကူပြု ပစ္စည်းများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ငွေကျပ် ၂၂ သိန်း တန်ဖိုးရှိ အဆင့်မြင့် ဟော်ကီအားကစားတုတ်ချောင်း ၂၄ ချောင်း၊ ဘောလုံး ၁၅ လုံး၊ ဂိုးဝတ်စုံတို့ကို Chief Executive Director များ ဖြစ်ကြသော Dr. Ebrahim နှင့် Dr.Rohani တို့က တိုင်းမှူးကိုယ်စား ဒုတိယဗိုလ်မှူးကြီး မောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၉-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ဘာဝနာဆိုသည်မှာ"တရားတော် (ဆရာတော် ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ)
၇း၅၅ - ၁း၅၅	မြန်ပြည်တစ်ခွင်ထိန်လင်းစေဖို့ မြန်မာအင်ဂျင်နီယာအစွမ်းနှင့် ရွှေလီ-မန်းစံ-ရွှေစာရံ မဟာဓာတ်အားလိုင်းကြီး တည်ဆောက်ကြပါစို့
၈း၂၀ - ၂း၂၀	Sunday Talk
၈း၅၀ - ၂း၅၀	တေးဂီတအစီအစဉ်
၈း၅၅ - ၂း၅၅	MRTV-4 စာအုပ်စဉ်ကဏ္ဍ ဗုဒ္ဓစာပေဆုရ ဒေါက်တာချစ်ငယ် (ဒဿန)နှင့်တွေ့ဆုံခြင်း
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀ - ၃း၃၀	လေ့လာဆည်းပူးသင်ယူချင်စရာ RV Centre မှာအပိုင်း (၁)
၁၀း၀၀ - ၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅ - ၄း၀၅	သိစေချင်သည် ICT (Myanmar Wikipedia) အကြောင်းသိကောင်းစရာ
၁၀း၂၀ - ၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅ - ၄း၂၅	နေချင်စဖွယ် အိမ်အလှဆင်ကြမယ်
၁၀း၃၅ - ၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀ - ၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀ - ၄း၅၀	Say It In English
၁၁း၀၅ - ၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀ - ၅း၁၀	လွယ်ကူသက်သာမြန်မာ့ဟင်းလျာ
၁၁း၂၅ - ၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀ - ၅း၃၀	နှလုံးကျန်းမာသက်ရှည်ရန်သိဖွယ်နည်းလမ်းများ ပါမောက္ခဒေါက်တာမြသိန်းဟန် (တတိယပိုင်း)
၁၁း၄၅ - ၅း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀ - ၅း၅၀	ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ (ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး၊ ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၂း၀၀ - ၆း၀၀	Yangon Panorama (ကိုရီးယားနိုင်ငံမှ Ms. KIM TAEYA ၏ စန္ဒရားဖျော်ဖြေမှု အစီအစဉ်)
၁၂း၂၅ - ၆း၂၅	ချောင်းမကြီး(မြို့လှ)ရေလှောင်တမံ
၁၂း၃၅ - ၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀ - ၆း၄၀	Music Gallery (တေးသံရှင်ရဲ့ တေးလက်ဆောင်-မေခလာ)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁

ယခုအပတ် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂) အမှတ်(၄၁)တွင် မူဆယ်လွယ်တိန်ခမ်း တောင်ပေါ်မှ မဟာသန္တိသုခရပ်တော်မူဘုရား မျက်နှာတော်ပျားစွဲ၊ တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းရှင်ကြီးများ စိတ်ဝင်စား၊ လကွယ် နှစ်ခါကွယ်လို့ ဘာမှမဖြစ်နိုင်ကြောင်း မြန်မာရိုးရာဗေဒင်ပညာရှင်တစ်ဦးက ဆို၊ မော်ဒယ်လ် အမျိုးသမီးတို့၏ မလုံ့တလုံ့ကြော်ငြာများကိုဖယ်ရှား၊ ခွေးမိခင်နို့ကို ကြောင်ကလေးကစို့၊ ပြည်ပမှာ အလုပ်သွားလုပ်မယ်ဆိုရင် ဒါမျိုးတွေကြုံရတတ်တယ်၊ ပါမောက္ခဒေါက်တာ မြသိန်းဟန်၏ ဆီးမျိုးဆက်ပွားနှင့် လိင်အင်္ဂါဆိုင်ရာ ကင်ဆာရောဂါများ၊ ပြည်တွင်း ရေကြောင်းမှ နစ်မြုပ်ရေယာဉ် ၁၇စင်း ဖော်ဆယ်နိုင်ခဲ့၊ မော်ဒယ်လ်မြင့်ကားများ အရောင်းအဝယ်အေးလျက်ရှိ၊ ဓာတုပိုးသတ်ဆေးများသည် သဘာဝဂေဟစနစ်ကို ထိခိုက်စေနိုင်၊ ရောဂါရှိ တိရစ္ဆာန်ရောင်းချပါက ထောင်ဒဏ် ခြောက်လနှင့် ငွေဒဏ်၊ ဆိတ်ကောင်ရေ ၁၅၀၀ မလေးရှားသို့ စတင်တင်ပို့ခဲ့၊ ရန်ကုန်တိုင်းအတွင်း လျှပ်စစ်စက်ဘီး၊ ဆိုင်ကယ်စီးနင်းနိုင်မည်ဟုဆို၊ စင်ကာပူနိုင်ငံဘာကြောင့် အောင်မြင်မှုရခဲ့သလဲ၊ အသက်အကြီးဆုံးတောက်တဲ့ ဟူးကောင်းတောင်ကြားတွင်တွေ့ရှိ၊ ပါမောက္ခ ဒေါက်တာ ဦးမြင့်မောင်မောင်၏ မည်သူ့တာဝန်လဲ၊ မိကျောင်းဝယ်ကြမလား၊ ဂျာနယ်လစ်သီချင်းဆိုပြိုင်ပွဲတွင် သတင်းထောက် မေအိမ့်ဒါလီမွန် အသက်နှင့်ရင်းပြီး ပထမရခဲ့၊တွက်ခြေမကိုက်ဘူးလို့ဆိုနေတဲ့ တက္ကစီယာဉ်မောင်းတွေ၊ အီရန်ကို ကျူးကျော်ခြင်းသည် တတိယကမ္ဘာစစ်ကိုဖြစ်စေနိုင်၊ ဂျော်ဂျီယာသို့ စစ်ရေးအကူအညီပေးခြင်းသည် စစ်ကြေညာခြင်းဖြစ်သည်ဟုဆို စသည့် နောက်ဆုံးရ ပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ယနေ့ဖြန့်ချိလိုက်ပြီဖြစ်သည်။ မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့နံနက်တိုင်း ထုတ်ဝေ ဖြန့်ချိလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ယှဉ်ပြိုင်ရန် ပေကျင်းသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် ၂၀၀၈ ခုနှစ် ပေကျင်း အိုလံပစ် မသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန် ဩဂုတ် ၃၁ ရက်က ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံ မသန်စွမ်းသူများ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး မျိုးမြင့်(ငြိမ်း)နှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဖွဲ့ခေါင်းဆောင်အဖြစ် ဗိုလ်မှူးကြီး ဌေးနိုင်၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးဝင်းမြင့်၊ အုပ်ချုပ်သူ ဦးသိန်းထွန်း၊ နည်းပြ ဦးအောင်မြင့်ထွန်း၊ အားကစားသမားများအဖြစ် ဝင်းနိုင်(လယ်/ဆည်)၊ နိုင်စစ်အောင်(စီးပွား/ကူးသန်း)၊ ဝင်းဆန်းအောင်(လယ်/ဆည်)တို့ ပါဝင်ကြသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

အောင်ဘာလေထီ ဆုကြီးများထွက်

ရန်ကုန် စက်တင်ဘာ ၁

(၂၃၆)ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

အထူးဆုကြီးတစ်ဆုကျပ်သိန်း(၅၀၀)

ဆ-၉၀၄၀၆၇

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀)ဆုများ

ပ-၆၃၈၇၄၁ ပ-၅၂၀၂၈၅

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ

ဖ-၅၇၁၉၇၈ န-၉၅၉၉၂၇
ဘ-၂၅၉၆၂၀ ပ-၇၅၀၇၂၂

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုများ

ဌ-၃၅၁၈၀၆ ထ-၉၅၇၇၅၆၄
ဂ-၅၂၆၆၈၈ မှ-၁၂၂၇၆၅
အ-၆၁၁၂၂၁ ကက-၈၄၁၇၃၆
ခ-၈၁၅၄၅၃ ဟ-၇၀၈၈၃၅
ဈ-၉၆၀၄၁၀ ခ-၃၁၉၃၀၇
အ-၉၉၄၆၈၄ မှ-၁၉၉၀၄၀
မှ-၃၈၉၂၃၁ ဍ-၇၇၄၃၆၃
ထ-၂၃၅၂၆၄ ထ-၄၃၀၈၇၅
ပ-၃၀၉၃၂၃ ပ-၄၃၁၁၃၀
ရ-၂၂၁၇၉၀ က-၉၈၈၀၉၆
က-၉၆၇၀၀၀

ကျပ်သိန်း(၁၀၀) ယူနစ်(မင်္ဂလာစုံတွဲစနစ်)ဆုမဲများ

လ-၅၁၅၇၆၈ မ-၅၉၃၉၈၁
ရ-၃၄၁၆၈၁ က-၇၇၀၆၄၂
က-၆၇၇၅၅၂ ဇ-၉၄၁၈၃၃
ပ-၄၇၅၉၆၂ င-၅၃၃၀၂၅
မှ-၁၁၉၁၅၇ ည-၃၇၃၇၄၈
ကက-၂၆၄၅၆၆ ဌ-၁၁၆၃၁၁
ရ-၅၃၀၂၆၉ ဍ-၇၁၆၀၈၉
ဌ-၅၉၆၀၅၉ ဍ-၇၀၆၅၄၉
ဖ-၆၁၉၃၁၇

၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁

၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ (၈၈)အုပ်စု ဒုတိယ အဆင့်အုပ်စုပတ်လည် ပွဲစဉ်များကို ယနေ့ ညနေ ၃နာရီခွဲတွင် နေပြည်တော် ဘောလုံးအားကစားကွင်းနှင့် ပေါင်းလောင်း ဘောလုံးအားကစားကွင်းတို့၌ ဆက်လက်ကျင်းပကြရာ နေပြည်တော် အားကစားကွင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းက ကာကွယ်ရေးဝန်ကြီးဌာန အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိပြီး၊ပေါင်းလောင်းဘောလုံးအားကစား ကွင်း၌ ပြည်ထဲရေးဝန်ကြီးဌာနအသင်း က သာသနာရေးဝန်ကြီးဌာနအသင်း ကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသွား သည်။

စက်တင်ဘာ ၂ရက်(အင်္ဂါနေ့)တွင် နေပြည်တော်အားကစားကွင်းပွဲစဉ်များကို ပေါင်းလောင်း အားကစားကွင်းသို့ ပြောင်းရွှေ့ကျင်းပမည်ဖြစ်ရာ မွန်းလွဲ ၂နာရီတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့သည် လည်းကောင်း၊ညနေ ၄နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာနအသင်း နှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း တို့သည်လည်းကောင်း ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

အမျိုးသားတံခွန်စိုက်နှင့် အသက်(၂၀)အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘော ပြိုင်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁

၂၀၀၈ခုနှစ် အမျိုးသားတံခွန်စိုက် အလွတ်တန်းပြိုင်ပွဲနှင့် အသက်(၂၀)အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့ နံနက် ၈နာရီမှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။

ယနေ့ပွဲစဉ်များတွင် အမျိုးသမီး ယူ-၂၀ပြိုင်ပွဲ၌ စက်မှု(၁)က မကွေးတိုင်းကို (၅၁-၃၂)မှတ်၊ ရန်ကုန်တိုင်းက စစ်ကိုင်းတိုင်းကို (၃၃-၂၂)မှတ်၊ အလွတ်တန်းပြိုင်ပွဲတွင် လယ်/ဆည် အသင်းက စက်မှု(၁)အသင်းကို (၆၁-၅၂)မှတ်၊ အမျိုးသား ယူ-၂၀ ပြိုင်ပွဲတွင် Furious အသင်းက Eragon အသင်းကို (၄၉-၂၄)မှတ်၊ K.K.S အသင်းက စစ်ကိုင်းတိုင်း အသင်းကို(၂၀-၀)မှတ်၊ အလွတ်တန်း ပြိုင်ပွဲတွင် စက်မှု(၁)အသင်းက FOX အသင်းကို (၆၁-၅၁)မှတ်တို့ဖြင့် အနိုင်ရရှိ သွားကြသည်။

စက်တင်ဘာ ၂ရက်တွင် ပြိုင်ပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပွဲစဉ်ပေါင်း ခုနစ်ပွဲပါဝင်မည်ဖြစ်ကာ နံနက် ၈နာရီတွင် စတင်မည်ဖြစ် သည်။

(ကြေးမုံ)

အလွတ်တန်း အမျိုးသား ပြိုင်ပွဲ၌ စက်မှု(၁)နှင့် Foxအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်စဉ်။

(ကြေးမုံ)

အဖွဲ့ဝင်နိုင်ငံများ အုပ်ချုပ်မှုနှင့် လုပ်ငန်းတာဝန်ချမှတ်နိုင်ရေး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် မြန်မာနိုင်ငံတွင် လာရောက်ဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများ၏ အုပ်ချုပ်စီမံမှုဆိုင်ရာနှင့် အမှုဆောင်ကော်မတီဝင်များ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များ ချမှတ်နိုင်ရေးစီမံကိန်းကို ယနေ့ မွန်းလွဲ ၂နာရီက သုဝဏ္ဏရှိ အမျိုးသား ဘောလုံးလေ့ကျင့်ရေးစခန်းတွင်ကျင်းပရာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)မှ သင်တန်းနည်းပြဆရာများနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့် အမှုဆောင် များ တက်ရောက်ဆွေးနွေးကြသည်။ (အပေါ်ပုံ)

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်သည် ယင်းစီမံကိန်းကို ပထမဦးဆုံးအကြိမ် အဖြစ် လာရောက်ဆွေးနွေးပို့ချခြင်း ဖြစ်ပြီး စက်တင်ဘာ ၁ ရက်နှင့် ၂ရက်တို့တွင် နှစ်ရက်ကြာလာရောက် ဆွေးနွေးပို့ချခြင်းဖြစ်သည်။ ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ်မှ လာရောက် ပို့ချ သူများမှာ Urs Zonitti၊ David Borjaနှင့် Windsor John တို့ဖြစ်ကြ ပြီး မြန်မာနိုင်ငံပြီးလျှင် ကမ္ဘောဒီးယား နိုင်ငံ၌ ဆက်လက်ဆွေးနွေး ပို့ချမည် ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက်ပို့ချမည့် သင်တန်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊အထွေထွေအတွင်းရေးမှူး ဦးတင်အောင်၊ အမှုဆောင်များဖြစ်ကြ သည့် ဘဏ္ဍာရေးမှူး ဦးသန်းဇော်၊ ဒိုင်ကော်မတီ ဥက္ကဋ္ဌ ဦးတင်အောင် (ဂိုး)၊ နည်းစနစ်ဒါရိုက်တာ ဦးစိုးမြင့် လွင်နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်ထွန်းတို့ လိုက်ပါသွားကာ နှစ်နိုင်ငံ ပူးပေါင်းဆွေးနွေးမှုများ ပြုလုပ်သွားမည် ဖြစ်သည်။

(ကြေးမုံ)

မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁

သံလွင်မြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၇၁စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ် အထက် ၂၁ စင်တီ မီတာ(၉လက်မခန့်) ကျော်လွန်နေ သည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေ မှတ် စင်တီမီတာ ၇၅၀အောက်သို့ ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်း ထားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ် ပြန်ထားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများမှ အနောက်တောင်မုတ်သုံလေဆုတ်ခွာနိုင်

ရန်ကုန် စက်တင်ဘာ ၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကရင်ပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ၀ဒသမ၅၁ လက်မစီ၊ သိမ်ဇရပ်မြို့တွင် ၃ဒသမ၀၃လက်မ၊ မိတ္ထီလာမြို့တွင် ၁ဒသမ၇၈လက်မ၊ ရွှေကျင်မြို့တွင် ၁ဒသမ၇၃လက်မ၊ ပူတာအိုမြို့တွင် ၁ဒသမ၃၄လက်မ၊ လွိုင်လင်မြို့ တွင် ၁ဒသမ၁၈လက်မနှင့် လားရှိုးမြို့တွင် ၁ဒသမ၁၄ လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ် အော်တို့တွင် မုတ်သုံလေအားပျော့ရာမှ အားနည်းနေသည်။

စက်တင်ဘာ ၂ရက် ညနေထိ ခန့်မှန်းချက် ။ ။ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေး တိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာ ကျဲကျဲ၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများမှ အနောက်တောင်မုတ်သုံလေဆုတ်ခွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၃ ဒသမ ၄ ဒီဂရီစင်တီဂရိတ် (၉၂ ဒီဂရီဖာရင်ဟိုက်) ၃၁-၈-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ ဒသမ ၂ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်) ၁-၉-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၆ ရာခိုင်နှုန်း ၁-၉-၂၀၀၈

နေပူသည့်နာရီပေါင်း ၉ ဒသမ ၆နာရီခန့် ၃၁-၈-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁-၉-၂၀၀၈	၁၈မမ (၀ဒသမ၇၁လက်မ)	၁၆မမ (၀ဒသမ၆၃လက်မ)	မရှိပါ
၁-၁-၂၀၀၈မှ ယနေ့အထိ	၂၀၄၈ မမ (၈၀ဒသမ၆၃လက်မ)	၂၃၂၂မမ (၉၁ဒသမ ၄၂လက်မ)	၂၇၈၆မမ (၁၀၉ဒသမ ၆၈လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၃၁-၈-၂၀၀၈ ရက် ၂၀း၄၀နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၂မိုင်နှုန်း တိုက်ခတ်သည်။

စတုတ္ထအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ စတုတ္ထ အကြိမ်မြောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲ၊ ပြိုင်ပွဲ ကို နိုဝင်ဘာ ၁၀ရက်မှ ၁၆ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော် ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါပြပွဲ၊ ပြိုင်ပွဲတွင် ဌာနဆိုင်ရာ အသီးသီးမှ ပြခန်း ၃၆ ခန်းနှင့်ပုဂ္ဂလိကလုပ်ငန်းများမှ ပြခန်း ၆၇ခန်း၊ စုစုပေါင်း ၁၀၃ခန်း ပြသမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ဆိုင်ခန်းများ ပြသမည်ဆိုပါက ပြခန်း စီစဉ်သူ ဦးစိုးမြတ်အောင် S.M.A Advertising & Publishing Group ဖုန်း/ဖက်စ် - ၀၁- ၅၅၆၀၈၃၊ ၀၉ ၅၁၉၂၄၆၈ တို့သို့ ဆက်သွယ်ဆောင်ရွက် နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်မောင်းသူများ လိုက်နာရန် သတိပေးနှိုးဆော်ချက်

(က) မိုးရွာစဉ် ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များ သတိပြုပါ-

- (၁) လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
- (၂) မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
- (၃) မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင် သည်။
- (၄) လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။
- (၅) အရှိန်ပြင်းစွာ မမောင်းပါနှင့်။
- (၆) ဘရိတ်ကို ရုတ်တရက်မနင်းပါနှင့်။
- (၇) ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
- (၈) ရေသုတ်တံပါရှိရမည်၊ ကောင်းမွန်ရမည်။
- (၉) မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။
- (၁၀) မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက် သယ်ယာဉ်များ ဖိတ်စဉ်မှု မရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

(ခ) အထက်ပါစည်းကမ်းချက်များအား မလိုက်နာ၍ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှု များဖြစ်ပွားပါက ထိရောက်စွာ အရေးယူခြင်းခံရမည်။

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်
☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကယားပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လွိုင်ကော်မြို့ ပြည်နယ် ဘိုးဘွားရိပ်သာတွင် အဘိုးအဘွားများ အာဟာရ စားသောက်နေမှုကို ကြည့်ရှုအားပေးစဉ်။

(သစ်တော)

ရန်ကုန် စက်တင်ဘာ ၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဩဂုတ် ၂၉ ရက် နံနက်ပိုင်းတွင် တောင်ကြီး သစ်ထုတ်ရေးဒေသ ကိုးကွေ့ သစ်ထုတ်ရေးစခန်းသို့ရောက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း)သစ်ထုတ်ရေး ဒုတိယ အထွေထွေမန်နေဂျာ ဦးစိန်ဝင်းက ၂၀၀၈-၂၀၀၉ ခုနှစ် သစ်ထုတ်ရေးရာသီအတွက် သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးခိုင်က မိုးရာသီ သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီးစီးမှု၊ သဘာဝတောများ ထိန်းသိမ်းထားရှိမှု၊ တရားမဝင်သစ် ဖမ်းဆီးရမိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက သစ်တောစိုက်ခင်းများထူထောင်ရေး၊ ဌာန ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်ကြရေး မှာကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်တို့သည် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့နယ် ထေးငှားလျှားကျေးရွာ၌ ကျင်းပသည့် ကယားပြည်နယ် မိုးရာသီထွန်တုံးပိတ်ပွဲကို တက်ရောက်အားပေးကြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပြသထားသည့် အီးအမ်ဘိုကာရှီမြေဆွေးပြုလုပ်သုံးစွဲမှု၊ တီကောင်စွန့်ပစ် မြေသြဇာ ထုတ်လုပ်သုံးစွဲမှု၊ အထွက်တိုးမျိုးစပါးများ၊ သဘာဝပိုးသတ်ဆေး၊ မှိုသတ်ဆေးနှင့် မြေသြဇာများ၊ စက်မှုလယ်ယာဦးစီးဌာနမှ ပြသထားသည့် ကောက်ရိတ်စက်၊ ကောက်စိုက်စက်၊ လက်တွန်း လယ်ထွန်စက်၊ ကြက်ဆူကြိတ်စက်၊ ကြက်ဆူကြားမှ ထုတ်လုပ်သည့် အင်ဂျင်ဝိုင်၊ ဂီယာဝိုင်များကို ကြည့်ရှုစစ်ဆေးကြသည်။

ကယားပြည်နယ်အတွင်း ၂၀၀၇-၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာဂုဏ်ထူးဖြင့် အောင်မြင်သော ကျောင်းသား ကျောင်းသူများအား **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍

ကမ္ဘာ့အမြန်ဆုံးကျည်ဆန်ရထား တည်ဆောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကြိုးပမ်းလျက်ရှိ

ပေကျင်း စက်တင်ဘာ ၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မြို့တော် ပေကျင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ အချက်အချာဖြစ်သော ရှန်ဟိုင်းမြို့အကြား အသစ် ဆက်သွယ်ပြေးဆွဲမည့် ကမ္ဘာ့အမြန်ဆုံး ကျည်ဆန်ရထားတည်ဆောက်ရန် စီမံကိန်းချဆောင်ရွက်လျက်ရှိသည်။

အဆိုပါကျည်ဆန်ရထားများသည် တစ်နာရီလျှင် ကီလိုမီတာ ၃၈၀ (၂၃၆မိုင်)နှုန်းဖြင့် ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း မီးရထားဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ယင်းအမြန်နှုန်းဖြင့် **စာမျက်နှာ ၉ ကော်လံ ၃ သို့** ●

ကမ္ဘာ့အမြန်ဆုံး ကျည်ဆန်ရထား။ *(ဓာတ်ပုံ-အင်တာနက်)*

ကင်ဆာရောဂါတားဆီးနိုင်ရေး မျှော်လင့်ချက်ရောင်ခြည် ပိုမိုယှက်သန်းလာ

ဖီလာဒဲလ်ဖီးယား စက်တင်ဘာ ၁

သိပ္ပံပညာရှင်များက ၄င်းတို့သည် ကင်ဆာရောဂါအများစုအား ကြီးထွားစေသော ဓာတ်တစ်မျိုးကို တားဆီးရေးအတွက် ကြီးမားသော ခြေလှမ်းတစ်ရပ်ကို လှမ်းပြီးပြီဟု ပြောကြားသည်။

ဇီဝဓာတ်ကူပစ္စည်းဖြစ်သော အင်ဇိုင်းအနွယ်၊ တီကိုမီရာစီး၏တည်ဆောက်ဖွဲ့စည်းပုံကို သိပ္ပံပညာရှင်တို့က ခွဲခြမ်းစိတ်ဖြာ



အင်တာနက် ကျန်းမာရေးသတင်း

လေ့လာပြီးပြီဖြစ်သည်။ ယင်းသည် ဆဲလ်များကို အမြဲတမ်း ရှင်သန်နေရန် လုပ်ဆောင်ပေးသည်။

အဖုအကျိတ်ဆယ်မျိုးတွင် ကိုးမျိုးကျော်၌ ယင်းဓာတုပစ္စည်း၏ လုပ်ဆောင်ချက်များကို တွေ့ရသည်။

ဖီလာဒဲလ်ဖီးယား ဝစ်စတာသိပ္ပံမှ သုတေသနပညာရှင်များက ၄င်းတို့၏ကြိုးပမ်းမှုသည် အဆိုပါ ဓာတုပစ္စည်းကို နိုင်အောင် သတ်နိုင်သော ဆေးဝါးဖော်ထုတ်ရေးကို ဦးတည်နိုင်ကြောင်း နေချားဂျာနယ်တွင် ရေးသားထားသည်။

ဝစ်စတာသိပ္ပံမှအဖွဲ့သည် ထိုဓာတုပစ္စည်း၏ လှုပ်ရှားမှု အများဆုံးအပိုင်း၏ ဖွဲ့စည်းပုံကို ပုံထုတ်ရန် နည်းလမ်းအသစ်တစ်ခုကို တွေ့ရှိခဲ့သည်။

ဒေါက်တာ အိမ်မာနျူရယ်လ် စကော်ဒါလိဒ်စ်က ယင်းအသေးစိတ်ပုံသည် ထိုဓာတုပစ္စည်းကိုနိုင်သော ဆေးဝါးထုတ်လုပ်ရေး အတွက် အထောက်အကူပေးနိုင်လိမ့်မည်ဟု ဆိုသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☼

ဓာတ်ရောင်ခြည်ကုထုံးဖြင့် ကင်ဆာရောဂါ ကုသနေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*